ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး**

(၂၇)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက် )**

**[တနင်္လာနေ့]**

**အချိန်၊ ၁၃း၃၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ အစီအစဉ်ကို ၁၃း၃၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၃း၃၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၂၇)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၃း၃၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၃း၃၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို(၁၉၅)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၇.၀၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၃း၃၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၂၇)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၃း၃၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၃၂။**

**ဦးစောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားရပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသား

လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ ၁၀-၇-၂၀၁၇ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် စောယှားဖောင်အွှာ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များမှာ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ အစည်းအဝေး တက်ရောက်ရန်။ ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)၊ နိုင်ငံ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံကိန်း ထုတ်ပြန်ချက် ရေးဆွဲရေး အခမ်းအနား။ ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကျန်းမာရေး။ ဦးပူဂင်ကမ်းလျန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်အောင်မြင့်၊ မန္တလေး တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ကျန်းမာရေး။ ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)၊ ကျန်းမာရေး။ ဦးသိန်းလွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန်။ ဒေါက်တာမျိုးအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးရဲမြင့်စိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးဝင်းကြိုင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလင်းတင်ဌေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန်။ ဦးစောသန်းထွန်း၊ ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်သူ့ငွေစာရင်းပူးပေါင်း ကော်မတီအစည်းအဝေး။ ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးတင်အောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ Forum တက်ရောက်ရန်။ ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဒေါ်အိအိပြုံး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဒေါ်မမလေး၊ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)၊ ၎င်းအတိုင်း။ ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ UN Women Workshop တက်ရောက်ရန်။ ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီအစည်းအဝေး။ ဗိုလ်မှူးချုပ်အောင်စန်းချစ်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဗိုလ်မှူးတင့်လွင်အေး၊ တပ်မတော်သား အမျိုးသား လွှတ်တော်ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးထွန်းထွန်းဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)၊ Forum တက်ရောက်ရန်။ ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ပြည်သူ့ ငွေစာရင်း ပူးပေါင်းကော်မတီအစည်းအဝေး တက်ရောက်ရန်တို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၃)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၂၆)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ(၂၉)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့

ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့လေးစားစွာပန်ကြားတင်ပြအပ် ပါတယ်ခင်ဗျား။

**အချိန်၊ ၁၃း၃၅။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၃း၃၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၆)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ (၂၉)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၃း၃၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် စာချုပ်ချုပ်ဆို၍ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ကျေးရွာအုပ်စု(၃)အုပ်စုအတွင်း သယံဇာတရှာဖွေနေသော North Petro - Chem Corporation Ltd အနေဖြင့် သယံဇာတရှာဖွေခြင်းလုပ်ငန်းကို မည်သည့်ခုနှစ်တွင် ရပ်ဆိုင်းမည်။ တူးဖော်ထားသော ရေနံတွင်းများကို စီးပွားဖြစ် ထုတ်လုပ်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ။ အကယ်၍ စီးပွားဖြစ် ထုတ်လုပ်ပါက ထွက်ရှိလာသော အကျိုးအမြတ်ကို မြန်မာနိုင်ငံအတွက် မည်သို့ ခွဲဝေပေးရမည်နှင့် တောင်သူများ၏ မြေယာဆုံးရှုံးမှုများကို မည်သို့ရှင်းလင်းပေးမည်တို့ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၃း၃၇။**

**ဥက္ကဋ္ဌ။** ။ ယခု မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင် က မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် စာချုပ်ချုပ်ဆို၍ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ကျေးရွာအုပ်စု(၃)အုပ်စုအတွင်း သယံဇာတရှာဖွေနေသော North Petro - Chem Corporation Ltd အနေနဲ့ သယံဇာတရှာဖွေခြင်းလုပ်ငန်းကို မည်သည့်ခုနှစ်တွင် ရပ်ဆိုင်းမည်။ တူးဖော်ထားသော ရေနံတွင်းများကို စီးပွားဖြစ် ထုတ်လုပ်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ။ အကယ်၍ စီးပွားဖြစ် ထုတ်လုပ်ပါက ထွက်ရှိလာသော အကျိုးအမြတ်ကို မြန်မာနိုင်ငံအတွက် မည်သို့ ခွဲဝေပေးရမည်နှင့် တောင်သူများ၏ မြေယာဆုံးရှုံးမှုများကို မည်သို့ရှင်းလင်းပေးမည် တို့ကိုသိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၃၈။**

**ဦးဝင်းမောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အပေါင်းမင်္ဂလာပါ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် North Petro - Chem Corporation Ltd တို့၂၀၁၀ ခုနှစ်တွင် စာချုပ်ချုပ်ဆိုလျက် ယနေ့ထိတိုင် မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်အတွင်း ရေနံရှာဖွေ လုပ်ကိုင် ဆောင်ရွက်ခြင်းအပေါ် ဒေသခံပြည်သူများ သိရှိလိုခြင်းနှင့် ပတ်သက်ပြီး မေးမြန်းမှာ ဖြစ်ပါတယ်။

ကျိုးကြောင်းဖော်ပြချက်အနေနဲ့ ၃-၆-၂၀၁၀ ရက်နေ့တွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် North Petro - Chem Corporation Ltd တို့သည် သဘောတူစာချုပ်ပြီးသည်နှင့် နှစ်လယ်မှစ၍ နိုင်ငံခြားသား တရုတ်လူမျိုး(၄၅)ဦးအား ၂၀၁၃ ခုနှစ်၊ စလင်းမြို့နယ်၊ ကျေးရွာများဖြစ်တဲ့ ငလှိုင်တွင်း၊ ကျောက်အိုးနှင့် တညှောင့်တင် အုပ်စုများမှာ သယံဇာတရှာဖွေလုပ်ငန်းများ လုပ်ကိုင်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ် ခင်ဗျား။ ၂၀၁၃ ခုနှစ်နောက်ပိုင်းမှာ နိုင်ငံခြားသား တရုတ်(၄)ဦး၊ စကားပြန်တစ်ဦး ထားရှိတဲ့ မြန်မာလုပ်သားများငှားရမ်းပြီး ဖော်ပြပါ ကျေးရွာအုပ်စု (၃)အုပ်စု၊ နေရာအနှံ့အပြား မြေကျင်းတူးဖော်လျက် ရရှိသောမြေများကို ကားများဖြင့် တစ်နေရာသို့ ရွှေ့ပြောင်းပို့ဆောင်ကြောင်း အဆိုပါ ကျေးရွာအုပ်စုမှ ပြည်သူများ၏ ပြောကြားချက်အရ သိရှိရပါတယ် ခင်ဗျား။

ယနေ့ထိတိုင် နိုင်ငံခြားသားတရုတ်တို့သည် ကျောက်အိုးကျေးရွာအုပ်စု နယ်မြေတွင် စခန်းချထားသလို တညှောင့်တင်၊ ငလှိုင်တွင်း၊ ကျောက်အိုး အုပ်စုများ၌ တူးဖော်ပြီး ရေနံတွင်းများကို ပိတ်ထားကြောင်း လေ့လာတွေ့ရှိရပါတယ် ခင်ဗျား။ ယခုလို နိုင်ငံခြားသားတရုတ်က မိမိနိုင်ငံမှ မြေနမူနာများကို ယူချင်တဲ့မြေယူ၊ ယူချင်သလိုယူ၊ တူးဖော်မှုကို စိတ်တိုင်းကျလုပ်ဆောင်ခဲ့သည်မှာ နှစ်အားဖြင့် (၇)နှစ်နီးပါး ရှိပြီဖြစ်ပါတယ်။ ဒီဖြစ်ရပ်တွေ ကြာရှည်လာသောအချိန်နှင့် ပွင့်လင်းမြင်သာမှု ရရှိလာသော အချိန်ကို တိုက်ဆိုင်လာပြီးတော့ ကျေးရွာအုပ်စုအတွင်းရှိ ပြည်သူအများစုမှာ ကြောင့်ကြစိတ်များ ရရှိလာကြောင်းနှင့် မည်ကဲ့သို့သော အကျိုးဆက်များဖြစ်ပေါ်လာမလဲဆိုတဲ့ စိတ်ဆန္ဒတွေ ဖြစ်ပေါ်နေကြောင်း လေ့လာတွေ့ရှိရပါတယ် ခင်ဗျား။

လေးစားအပ်သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် စာချုပ်ချုပ်ဆို၍ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ကျေးရွာအုပ်စု(၃)အုပ်စုအတွင်း သယံဇာတရှာဖွေနေသော North Petro - Chem Corporation Ltd အနေဖြင့် သယံဇာတရှာဖွေခြင်းလုပ်ငန်းကို မည်သည့်ခုနှစ်တွင် ရပ်ဆိုင်းမည်။ တူးဖော်ထားသော ရေနံများကို စီးပွားဖြစ် ထုတ်လုပ်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ။ အကယ်၍ စီးပွားဖြစ် ထုတ်လုပ်ပါက ထွက်ရှိလာသော အကျိုးအမြတ်များကို မြန်မာနိုင်ငံအတွက် မည်ကဲ့သို့ မြန်မာနိုင်ငံကို ခွဲဝေပေးမည်နှင့် တောင်သူများရဲ့ မြေယာဆုံးရှုံးမှုများကို မည်သို့ရှင်းလင်းပေးမည် ဖြစ်ကြောင်း သိရှိလိုပါ၍ ဒေသခံပြည်သူများကိုယ်စား အထောက်အထားဓာတ်ပုံများတွဲလျက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၄၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနှင့်ပတ်သက်ပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၃း၄၁။**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာ အပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင် မေးမြန်းသည့် မေးခွန်းနှင့် ပတ်သက်၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင် က ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းဟာ ကုန်းတွင်းပိုင်းနှင့် ကမ်းလွန်လုပ်ကွက်များမှာ နိုင်ငံခြားရေနံကုမ္ပဏီများနှင့် အကျိုးတူ ပူးပေါင်းလျက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်များ ချုပ်ဆိုကာ ရေနံနှင့်သဘာဝဓာတ်ငွေ့များ ရှာဖွေခြင်းလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိတာ ဖြစ်ပါတယ်။ ထိုကဲ့သို့ လုပ်ကိုင်ရာမှာ North Petro - Chem Corporation Ltd ရေနံကုမ္ပဏီဟာ လုပ်ကွက်အမည် PSC-F (ငလှိုင်တွင်းဒေသ) ကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းနှင့် ၁၆-၆-၂၀၁၀ ရက်နေ့တွင် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် ချုပ်ဆိုကာ ၉-၉-၂၀၁၀ ရက်နေ့မှစတင်ကာ စမ်းသပ်ရှာဖွေရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

အဆိုပါ ရေနံကုမ္ပဏီက ရှာဖွေရေးကာလအတွင်းမှာ ပေတိမ်တွင်း (၄)တွင်း၊ ပေလတ်တွင်း (၃)တွင်းကို စမ်းသပ်တူးဖော်ခဲ့ပါတယ်။ ပေတိမ်တွင်းများဖြစ်တဲ့ တွင်းအမှတ်(၁)၊ တွင်းအမှတ်(၆)မှ ရေနံနှင့် သဘာဝဓာတ်ငွေ့ အနည်းငယ် စမ်းသပ်ရရှိခဲ့ပါတယ်။ ပေလတ်တွင်း အမှတ်(၁)၊ ပေလတ်တွင်း အမှတ်(၄)တို့ကို ပုံမှန်စမ်းသပ်တဲ့အခါမှာ ရေနံနှင့်သဘာဝဓာတ်ငွေ့ မတွေ့ရှိရတဲ့အတွက်ကြောင့် သဲကြောခွဲခြင်း (Hydraulic Fracture) နည်းပညာကို အသုံးပြုကာ စမ်းသပ်ခဲ့တဲ့အခါမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့ အနည်းငယ်ရှိကြောင်း စမ်းသပ်ရရှိခဲ့ပါတယ်။ တူးဖော်စမ်းသပ်ခဲ့တဲ့ ပေတိမ်နှင့် ပေလတ်တွင်းများမှ သဘာဝဓာတ်ငွေ့တွေ့ရှိခဲ့တဲ့ သဲကြောများနှင့် အခြား ရေနံခိုအောင်းနိုင်သော သဲကြောများမှ ဆက်လက်ရှာဖွေနိုင်ရန် စမ်းသပ်ရှာဖွေရေးတွင်းများ တူးဖော်နိုင်ရန်အတွက် စာချုပ်သက်တမ်းတွေကို တိုးပေးခဲ့တာ ဖြစ်ပါတယ်။ ၈-၉-၂၀၁၇ ရက်နေ့မှာ စာချုပ်သက်တမ်းက ကုန်ဆုံးတော့မှာ ဖြစ်ပါတယ်။ အဆိုပါ ရေနံကုမ္ပဏီမှ တူးဖော်ပြီးစီးခဲ့တဲ့ အစမ်းတွင်းများရဲ့ စမ်းသပ်ချက်များအရ လက်ရှိအချိန်အထိ ရေနံနှင့်သဘာဝဓာတ်ငွေ့များကို ကာလကြာရှည် စီးပွားဖြစ် ထုတ်လုပ်နိုင်မှု အဆင့်မရှိကြောင်း တွေ့ရှိရပါတယ်။

အဆိုပါ ဒေသမှာ စာချုပ်သက်တမ်း မကုန်ဆုံးသေးတဲ့ အတွက်ကြောင့် ၎င်းတို့ စမ်းသပ်ရေး လုပ်ငန်းများကို ဆောင်ရွက်ရာမှာ အသုံးပြုခဲ့သော လုပ်ငန်းသုံးပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ရန် တရုတ်လူမျိုး(၂)ဦးနှင့် စကားပြန်(၁)ဦးတို့က ပစ္စည်းထိန်းများအဖြစ်နဲ့ ကျန်ရှိပြီး လက်ရှိမှာတော့ မည်သည့်လုပ်ငန်းမှ ဆက်လက်ဆောင်ရွက်ခြင်း မရှိကြောင်း တင်ပြအပ်ပါတယ်။ လက်ရှိ အခြေအနေမှာ အဆိုပါ ရေနံကုမ္ပဏီနှင့် ထပ်မံပူးပေါင်းဆောင်ရွက်မယ့် ကုမ္ပဏီတို့ ညှိနှိုင်းဆဲဖြစ်ပြီး၊ ညှိနှိုင်းမှု အောင်မြင်ပါက ငလှိုင်တွင်း တွင်းအမှတ်(၁)ကို ဒေသမှာ ထပ်မံပြီး သဘာဝဓာတ်ငွေ့ စမ်းသပ်ထုတ်လုပ်

နိုင်ရန် တွန်းအားပေးညှိနှိုင်းဆောင်ရွက်နေတာ ဖြစ်ပါတယ်။ အကယ်၍ ရေနံနှင့်သဘာဝဓာတ်ငွေ့ စီးပွားဖြစ် ရှာဖွေတွေ့ရှိပါက ထုတ်လုပ်မှုအပေါ် ခွဲဝေရေးစာချုပ်အရ နိုင်ငံတော်က Royalty အပါအဝင် အကျိုးအမြတ် (၈၀)ရာခိုင်နှုန်းခန့် လက်ခံရရှိမှာဖြစ်ပြီး ကုမ္ပဏီအနေဖြင့် (၂၀)ရာခိုင်နှုန်းခန့် ရရှိအောင် တွက်ချက်ပြီး ချုပ်ဆိုထားတာ ဖြစ်ပါတယ်။

ကုမ္ပဏီက စမ်းသပ်တွင်းများကို တူးဖော်တဲ့အချိန်မှာ မြေသားများကို ရွံ့၊ သဲ စသည်အားဖြင့် ၎င်းရဲ့ မြေအမျိုးအစားများကို စမ်းသပ်ရန်အလို့ငှာ ကားဖြင့်သယ်ယူပို့ဆောင် စမ်းသပ်ခြင်းမှအပ အခြားရည်ရွယ်ချက်များဖြင့် မြေများကို ရွှေ့ပြောင်းခြင်း မရှိကြောင်း သိရှိရပါတယ်။ ၂၇-၆-၂၀၁၇ ရက်နေ့မှာလည်း မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက တာဝန်ရှိသူများကနေ ငလှိုင်တွင်း ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ကျောက်အိုးကျေးရွာ အုပ်ချုပ်ရေးမှူးတို့အား တွေ့ဆုံမေးမြန်းခဲ့ရာ အုပ်ချုပ်ရေးမှူးများကလည်း မြေများ ပို့ဆောင်ခြင်း မရှိကြောင်းနှင့် မတွေ့ရှိကြောင်း ဖြေကြားခဲ့ပါတယ်။ ရေနံနှင့်သဘာဝဓာတ်ငွေ့များကို စီးပွားဖြစ်တူးဖော်ထုတ်လုပ်နိုင်ခြင်း မရှိသေးသော်လည်း North Petro - Chem ရေနံကုမ္ပဏီက သက်ဆိုင်ရာဒေသ၏ ဖွံ့ဖြိုးမှုလုပ်ငန်းများအတွက် လူမှုရေးတာဝန် ကျေပွန်မှု၊ CSR အစီအစဉ်အနေဖြင့် စလင်းမြို့နယ်၊ ငလှိုင်တွင်းကျေးရွာအုပ်စု၊ ငလှိုင်တွင်းကျေးရွာ၌ ကူညီပံ့ပိုး ပေးခဲ့တဲ့ 50 KVA မီးစက်နှစ်လုံးအား လှူဒါန်းပွဲအခမ်းအနားကိုလည်း ၂၄-၁၂-၂၀၁၆ ရက်နေ့မှာ အဆိုပါကျေးရွာမှာ ကျင်းပပြုလုပ်ခဲ့ပြီး အဆိုပါ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူများ၊ ကျေးရွာမီးလင်းရေးကော်မတီနှင့် ကျေးရွာသူ၊ ကျေးရွာသားများက တက်ရောက် ခဲ့တာဖြစ်ပါတယ်။

၂၀၁၃-၂၀၁၄ ရေနံရှာဖွေတူးဖော်စဉ်ကာလအတွင်းလည်း ဒေသခံကျေးရွာများမှ ကျေးရွာသား (၅၅)ဦးမှ (၆၀)ဦးခန့်အထိအား လက်သမားလုပ်ငန်းများ၊ ရေလိုင်းလုပ်ငန်းများ၊ မီးလိုင်းလုပ်ငန်းများ၊ ပိုက်လိုင်းလုပ်ငန်းများနှင့် ဝန်ထမ်းများအဖြစ် အလုပ်အကိုင်အခွင့်အလမ်းများလည်း ဆောင်ရွက် ပေးခဲ့တာ ဖြစ်ပါတယ်။ မြေယာသီးနှံ လျော်ကြေးကိစ္စရပ်များမှာ ယာယီသိမ်းထားတဲ့ မြေယာများ အတွက် သက်ဆိုင်ရာမြို့နယ်မှ ဌာနဆိုင်ရာများပါဝင်တဲ့ သီးနှံလျော်ကြေးပေးရေးကော်မတီ ဖွဲ့စည်းပြီး ကော်မတီက ဆုံးဖြတ်သည့် ဒေသပေါက်ဈေးနှင့်အညီ ပေးလျော်ခဲ့တာဖြစ်ပါတယ်။ စီးပွားဖြစ် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတွေ့ရှိ၍ စီးပွားဖြစ်ထုတ်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်မည် ဆိုပါက မြေယာများကို အမြဲတမ်းသိမ်းရန် လိုအပ်လာခဲ့လျှင် မြေယာစီမံခန့်ခွဲမှုကော်မတီအား ဖွဲ့စည်းပြီး လက်ရှိတည်ဆဲ လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များ နှင့်အညီ ပေးလျော်ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက်ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းသည့်မေးခွန်းများဟာ ပညာရေးဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ် များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ ဖက်ကြပ် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် တိုးချဲ့ ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၃း၄၈။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ က ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ ဖက်ကြပ် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် တိုးချဲ့ ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၄၈။**

**ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါ။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့ မေးခွန်းအား Power Point ဖြင့် တင်ပြခွင့်ပြုပါရန် လေးစားစွာတောင်းခံအပ်ပါတယ်။

ကျွန်မရဲ့ မဲဆန္ဒနယ်မြေမှာဖြစ်တဲ့ ဒီ ဖက်ကြပ်ကျောင်းဟာဆိုရင် ရမ်းဗြဲမြို့နယ်၊ ရမ်းသစ်ချေ ကျေးရွာအုပ်စု အိမ်ခြေ(၃၀၅)အိမ်၊ အိမ်ထောင်စု(၃၂၀)စု၊ လူဦးရေ(၁၅၉၃)ဦးရှိတဲ့ ကျေးရွာကြီးတစ်ရွာမှာ တည်ရှိပါတယ်။ အဲဒီကျောင်းကို မူလတန်းအဆင့်မှ အ.လ.က(ခွဲ)အဆင့်သို့ ၂၀၁၅-၂၀၁၆ ပညာသင် နှစ်မှာ တိုးမြှင့်ဖွင့်လှစ်ခဲ့တဲ့ ကျောင်းတစ်ကျောင်း ဖြစ်ပါတယ်။ ဒီကျောင်းမှာဆိုလို့ရှိရင် အလယ်တန်း အဆင့် ဆရာ၊ ဆရာမ(၅)ဦး။ မူလတန်းအဆင့် (၇)ဦး၊ စုစုပေါင်း(၁၂)ဦးနှင့် ကျောင်းသူ၊ ကျောင်းသား အင်အား အလယ်တန်း(၉၆)ဦး၊ မူလတန်း(၂၂၅)ဦး၊ စုစုပေါင်း(၃၂၁)ဦး သင်ကြားလျက်ရှိတဲ့ ကျောင်း ဖြစ်ပါတယ်။ ဒီကျောင်းကနေပြီးတော့ ကျောင်းသူ၊ ကျောင်းသား စုစုပေါင်း(၃၂၁)ဦး သင်ကြားရာက နေပြီးတော့ လောလောဆယ်မှာတော့ ပေ(၁၀၀x ၃၀)ပေ တစ်ထပ် အုတ်ညှပ်သွပ်မိုး ကျောင်းဆောင် တစ်ခုတည်းသာ ရှိပါတယ်။ ဒါ ဒီနေ့မနက် မဲဆန္ဒနယ်က ကျွန်မကို ပေးပို့ထားတဲ့ ဓာတ်ပုံ ဖြစ်ပါတယ်။ ဒီကျောင်းဆောင်တစ်ဆောင်တည်းမှာ ကျောင်းသား(၃၀၀)ကျော်နေပြီးတော့စုပေါင်းပြီးတော့ သင်ကြား နေရတဲ့ အခြေအနေဖြစ်ပါတယ်။

ဒီ ကျောင်းသူ၊ ကျောင်းသား အရေအတွက်နှင့် ကျောင်းလုံလောက်မှုဟာ မျှတမှုလုံးဝမရှိပါ ဘူး။ ဒီလိုမျိုး ကျပ်ကျပ်တည်းတည်း ပညာသင်ကြားနေရတဲ့ အခက်အခဲကို နောက် Slide တစ်ခုနဲ့ ပြပါ မယ်။ ခန်းဆီးလည်း လုံးဝမရှိပါဘူး။ ဒီလိုမျိုး ခန်းဆီးလည်း မရှိဘဲနဲ့ တစ်ကယ့် မူလတန်း၊ အလယ်တန်း

ကျောင်းသူ၊ ကျောင်းသားများကို ဆရာ၊ ဆရာမ အခုဒီနေ့ ဖုန်းဆက်ပြီးတော့ မေးတဲ့အခါမှာ ဆရာ၊ ဆရာမ(၂)ဦးက မီးဖွားခွင့်တင်ထားပါတယ်။ ဒါကြောင့်မို့လို့ ဆရာ၊ ဆရာမလုံလောက်မှုလည်း မရှိတဲ့ ကျောင်း အခြေအနေဖြစ်ပါတယ်။ ဒီလိုမျိုး ခန်းဆီးလည်းမရှိ၊ ဆူဆူညံညံ သင်ကြားရမယ်ဆိုလို့ရှိရင် ဆရာ၊ ဆရာမလည်း စိတ်ဖိစီးမှု အင်မတန်များစေပါတယ်။ ကျောင်းသူ၊ ကျောင်းသားများလည်း ရန်ဖြစ်ရင်လည်း ရန်ဖြစ်နိုင်တယ်။ ကလေးတွေမို့လို့ ကလေးသဘာဝ ဆော့ကြမယ်။ ဒီဘက်ကနေ ပြီးတော့ အဲဒီက ဆရာမကပြောပါတယ်။ အဲဒီဘက်အတန်းက ကာယသင်ပြီ၊ ဟိုဘက်အခန်းက ကဗျာသင်ပြီ၊ သင်္ချာသင်ပြီ စသည်ဖြင့် သင်တဲ့အခါမှာ ဒီသင်ကြားမှုက ဘယ်လိုမှ ထိရောက်မှု မရှိနိုင်တဲ့အတွက်ကြောင့်မို့လို့ ဒီလိုကျောင်းမှာ သင်ကြားနေရတဲ့ ကျောင်းသူ၊ ကျောင်းသားတွေ၊ အနာဂတ်ကျောင်းသူ၊ ကျောင်းသားတွေကနေပြီးတော့ သူတို့တွေ ကျောင်းသူ၊ ကျောင်းသားများ ရလဒ်ကောင်းထွက်ဖို့ဆိုတာ ကျွန်မတို့ မေးခွန်းထုတ်စရာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒီအခြေအနေကို ဖြေရှင်းဖို့ဆိုလို့ရှိရင် (၁၂၀x၃၀)ပေ RC ဆိုပြီးတော့ သက်ဆိုင်ရာကနေ ကျွန်မကို ဒါဆိုလို့ရှိရင်တော့ ပြည့်စုံလုံလောက်နိုင်ပါတယ်ဆိုပြီးတော့ တင်ပြပါတယ်။ ဒါကြောင့်မို့လို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ တိုးချဲ့ဆောင်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ။ နောက်တစ်ခုကနေပြီးတော့ ဒီလိုမျိုး တကယ်တမ်းကျလို့ရှိရင် ပညာရေးမှူးတွေ ဆင်းပြီးတော့ ကြည့်သင့်ပါတယ်။ ကြပ်မတ်သင့်ပါတယ်။ ကြီးကြပ်သင့်ပါတယ်။ ဒီလိုမျိုး အင်မတန်ဆိုးဝါးတဲ့ အခြေအနေမှာ သင်ကြားရတဲ့ ကျောင်းသူ၊ ကျောင်းသားများတွေရဲ့ နောင်ရေးဟာလည်း ကျွန်မတို့ စိတ်မအေးဖွယ်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ခန်းဆီးမြန်မြန်ဆန်ဆန်လုပ်ပေးဖို့လို့ ဒီကျောင်းမှာ အရေးတကြီး လိုအပ်နေပါတယ်။ ဒါကြောင့်မို့လို့ ဒီ ကျောင်းသူ၊ ကျောင်းသားများ ကြပ်ညှပ်သိပ် ပြီးတော့ သင်ကြားနေရတဲ့ ကျောင်းကို (၁၂၀x၃၀)ပေ RC တစ်ဆောင် ဆောက်လုပ်ပေးရန်အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

ခန်းဆီး မရှိဘဲ သင်ကြားရသည့် အခြေအနေ မြင်ကွင်းပုံ (လ)



ခန်းဆီး မရှိဘဲ သင်ကြားရသည့် အခြေအနေ မြင်ကွင်းပုံ (လ-၁)



ကျောင်းသား(၃၀၀)ကျော် စုပေါင်းပြီးတော့ သင်ကြားရသည့် အခြေအနေ မြင်ကွင်းပုံ (လ-၂)



**ရခိုင်ပြည်နယ် နည်းပညာတက္ကသိုလ် (စစ်တွေ)၏ ပင်မသုံးထပ်ဆောင် အဆောက်အအုံမှာ အကြိမ်ကြိမ် ပြုပြင်ခဲ့သော်လည်း ယခုတိုင် အသုံးပြု၍မရနိုင်လောက်အောင်ပျက်စီးပြီး အန္တရာယ်ရှိနေပါသဖြင့် ပင်မသုံးထပ်ဆောင် အဆောက်အအုံအသစ်တစ်ခုကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေမှ အလျင်အမြန် ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၃း၅၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင် က ရခိုင်ပြည်နယ် နည်းပညာတက္ကသိုလ် (စစ်တွေ)၏ ပင်မသုံးထပ်ဆောင် အဆောက်အအုံမှာ အကြိမ်ကြိမ် ပြုပြင်ခဲ့သော်လည်း ယခုတိုင် အသုံးပြု၍ မရနိုင်လောက်အောင် ပျက်စီးပြီး အန္တရာယ်ရှိ

နေပါသဖြင့် ပင်မသုံးထပ်ဆောင် အဆောက်အအုံ အသစ်တစ်ခုကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေမှ အလျင်အမြန် ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၅၂။**

**ဦးဝေစိန်အောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မင်္ဂလာပါ။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝေစိန်အောင် ဖြစ်ပါတယ်။ ကျွန်တော် မေးလိုတဲ့မေးခွန်းကတော့ နည်းပညာတက္ကသိုလ်(စစ်တွေ)ရဲ့ ပင်မသုံးထပ်ဆောင် အဆောက်အအုံဟာ အကြိမ်ကြိမ် ပြုပြင်ခဲ့သော်လည်း ယခုတိုင် သုံးမရလောက်အောင် ပျက်စီးပြီး အန္တရာယ်ရှိနေသဖြင့် ယင်း ပင်မသုံးထပ်ဆောင် အဆောက်အအုံအသစ်တစ်ခုကို ၂၀၁၇-၂၀၁၈ ပြည်ထောင်စုထပ်ဖြည့် ဘဏ္ဍာရန်ပုံငွေမှဖြစ်စေ၊ သီးသန့်ရန်ပုံငွေမှဖြစ်စေ အလျင်အမြန် ခွင့်ပြုပေးနိုင်ခြင်း ရှိ/မရှိ ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နည်းပညာတက္ကသိုလ် (စစ်တွေ)ကို ယခင် အစိုးရနည်းပညာကောလိပ်(စစ်တွေ)အဖြစ် ၁၉၉၉ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီးမှ လွန်ခဲ့သော (၁၀)နှစ်ကျော် ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် တက္ကသိုလ်အဆင့်သို့ တိုးမြှင့်လိုက်သဖြင့် ဤနေရာအဆောက်အအုံတွင် ဖွင့်လှစ်ခဲ့ရပါတယ်။ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ ရေချမ်းပြင်ကျေးရွာအနီး မြေဧက(၄၀)ပေါ်တွင် တည်ဆောက်ထားသော အဆောက်အအုံဖြစ်ပြီး စစ်တွေမြို့မှ (၁၁)မိုင်ခန့် ကွာဝေးပါတယ်။ နည်းပညာတက္ကသိုလ်(စစ်တွေ)တွင် အဓိကဘာသာရပ်များအဖြစ် မြို့ပြအင်ဂျင်နီယာသင်တန်း၊ အီလက်ထရောနစ် အင်ဂျင်နီယာသင်တန်း၊ လျှပ်စစ်စွမ်းအား အင်ဂျင်နီယာသင်တန်း၊ စက်မှုအင်ဂျင်နီယာသင်တန်းများကို ဖွင့်လှစ်သင်ကြားပါတယ်။ B.E (၅)နှစ်သင်တန်းများဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူ (၆၀၀)နီးပါးရှိပါတယ်။ ဆရာ၊ ဆရာမ (၁၂၉)ဦးရှိပါတယ်။ လက်ရှိ နည်းပညာတက္ကသိုလ် (စစ်တွေ)တွင် ပင်မသုံးထပ်ဆောင်တစ်ဆောင်၊ အလုပ်ရုံ(၅)ခု၊ ဝန်ထမ်းဆောင်၊ ကျောင်းသားအိပ်ဆောင်များ ရှိခဲ့ပါတယ်။ ပင်မသုံးထပ်ဆောင်တွင် ကျောင်းအုပ်ကြီးရုံးခန်း၊ ဝန်ထမ်းရုံးခန်း၊ စတိုခန်း၊ ကွန်ပျူတာခန်း၊ Internet Room၊ စာကြည့်တိုက်၊ Language Lab၊ Drawing Room၊ ဘွဲ့နှင်းသဘင်ခန်းမ၊ အစည်းအဝေးခန်းမ၊ ကျောင်းသားဆောင်များ တည်ရှိပါတယ်။


လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယင်း ပင်မသုံးထပ်ဆောင်မှာ ယိုယွင်းပျက်စီးမှုများရှိနေပြီး နှစ်စဉ် အကြီးစားပြင်ဆင်မှုများ လုပ်နေရပါတယ်။ ပြန်လည်ပြင်ဆင်မွမ်းမံခြင်းကို ဆောက်လုပ်ရေးကုမ္ပဏီများနှင့် စာချုပ်၍ (၃)၊ (၄)ကြိမ်ခန့် ပြုလုပ်ခဲ့ပြီးလည်း ဖြစ်ပါတယ်။ သို့သော်လည်း လက်ရှိတွင်လည်း ထပ်မံပျက်စီးနေသဖြင့် ၎င်းသုံးထပ်ဆောင်ကို ရေရှည်တွင် အသုံးပြုရန် မသင့်လျော်တော့ပါ။ အန္တရာယ်များသည့်အပြင် ပြင်ဆင်စရိတ်လည်း အလီလီကုန်ကျမည်သာမက ဥပမိရုပ်လည်း ကောင်းလာတော့မည် မဟုတ်ပါ။ အသစ်ပြန်လည်ဆောက်လုပ်မှသာ ပိုမိုသင့်တော်သော အန္တရာယ်ကင်းမည့် အဆောက်အအုံတစ်ခု ရှိလာမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါ။ ဒါဆိုလို့ရှိရင် ကျွန်တော်တို့ သုံးထပ်ဆောင်ရဲ့ ခေါင်မိုးကို ဒေါက်ထောက်ထားရတာပါ။ ဒါလည်း လှေခါးတွေကို ဒေါက်ထောက်ထားရပါတယ်။ ဒါ ခေါင်မိုးက ကွဲအက်ပြီးတော့ ဖြစ်နေတာပါ။ ဒါလည်း ခေါင်မိုးထောင့်တွေက အကုန်လုံးပျက်စီးနေတာပါ၊ ကွဲအက်နေတာပါ။ ဒါလည်း ခေါင်မိုးကို သံဒေါက်တွေ ထောက်ထားရပါတယ်။ ဒါလည်း မိုးယိုတဲ့ အကွက်တွေ၊ ပျက်စီးတဲ့အကွက်တွေ ခေါင်မိုးက ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်ကျောင်းအုပ်ကြီးနှင့် ဆရာမတွေနဲ့ ကျောင်းကို လှည့်ပတ်ပြီးတော့ စစ်ဆေးခဲ့တာပါ။ ဒါလည်း လှေခါးက သံဘောင်တွေ ထောက်ထားရပါတယ်။ ဒါလည်း ပင်မအဆောက်အအုံရဲ့ ခေါင်မိုးမှာ အကုန်ကွဲအက်ပြီးတော့ ဖြစ်နေပါတယ်။ ဒါလည်း သံဘောင်ထောက်ထားရပါတယ်။ အဲဒီလိုပဲ ကျွန်တော်တို့ ရေရှည်အသုံးပြုရန် မသင့်တော်တော့သဖြင့် အန္တရာယ်ကင်းမည့် နေရာအသစ်တစ်ခု ကျောင်းဝင်းအတွင်း၌ပင် ယခု သုံးထပ်ဆောင်၏နေရာ အနောက်ဘက်မျက်နှာတွင် (၅၅၀x၄၉)ပေ အတိုင်းအတာရှိသောသုံးထပ်ဆောင် အသစ်တစ်ခုကို အစားတည်ဆောက်လိုက်ပါက ဖြစ်နိုင်ကြောင်း လေ့လာတွေ့ရှိချက်များလည်း ရှိနေပြီးဖြစ်ပါတယ်။ ကျောင်းဝင်းတစ်ခုလုံး ကျောင်းပိုင်မြေ (၄၀)ဧကအတွက်လည်း န/လ ၃၉၊ ပုံစံ (၁၀၅)၊ (၁၀၆)ရရှိပြီး နည်းပညာတက္ကသိုလ်(စစ်တွေ) အမည်ဖြင့် မြေလွှဲပြောင်းယူ၍အမည်ပေါက်ပြီး ဖြစ်ပါသဖြင့် ပြည်ထောင်စုအစိုးရ ရန်ပုံငွေမှ နည်းပညာတက္ကသိုလ်(စစ်တွေ) ပင်မသုံးထပ်ဆောင် အသစ်တစ်ခုကို ၂၀၁၇-၂၀၁၈ ထပ်ဖြည့်ဘဏ္ဍာရန်ပုံငွေမှဖြစ်စေ၊ သီးသန့်ရန်ပုံငွေမှဖြစ်စေ ခွင့်ပြုပေးနိုင်ခြင်း ရှိ/မရှိ သိရှိလို၍ မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

သုံးထပ်ဆောင် ခေါင်မိုးအား ဒေါက်ထောက်ထားသော မြင်ကွင်းပုံ (၁)



လှေခါးတွေအား ဒေါက်ထောက်ထားရသော မြင်ကွင်းပုံ (၀-၁)



ခေါင်မိုးထောင့်တွေ ပျက်စီးပြီး အက်ကွဲနေသော မြင်ကွင်းပုံ (၀-၂)



**အချိန်၊ ၁၃း၅၇။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနှင့် ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၃း၅၇။**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏

ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်း ဦးစွာတောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်း က ဒုတိယအကြိမ် အမျိုးသား လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့မှာ ရခိုင်ပြည်နယ် အမှတ်(၁၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဒေါ်ထုမေ ရဲ့ မေးခွန်းဖြစ်သော ရခိုင်ပြည်နယ်၊ ရမ်းဗြဲ မြို့နယ်၊ ဖက်ကြပ် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် တိုးချဲ့ကျောင်းဆောင်သစ် ဆောက်လုပ် ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းနှင့် စပ်လျဉ်းပြီး ဦးစွာတင်ပြမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ လွှတ်တော် ကိုယ်စားလှယ်ကြီး၏ မဲဆန္ဒနယ်အတွက် ၂၀၁၇-၂၀၁၈ ယခုဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်း ရန်ပုံငွေ ဖြင့် ကျောင်းဆောင်သစ်များ ဆောက်လုပ်ခြင်းဆောင်ရွက်ရန် ငွေကျပ်သိန်းပေါင်း(၃၉၃၆)သိန်း ခွဲဝေ ချထားပေးခဲ့ပါကြောင်း ဦးစွာတင်ပြအပ်ပါတယ်။

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ ဖက်ကြပ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) တွင် လက်ရှိ ကျောင်းဆောင်များအနေဖြင့် (၁၀၀x၃၀)ပေ သွပ်မိုးအုတ်ညှပ်တစ်ထပ်ဆောင်သာ ရှိပါတယ်။ ယခုနှစ် ပညာသင်နှစ်အတွက် ထိုကျောင်းမှာ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မူလ တန်းအဆင့်မှာ (၂၂၄)ဦး၊ အလယ်တန်းအဆင့်တွင်(၁၂၂)ဦး၊ စုစုပေါင်း(၃၄၆)ဦးသာ ရှိပါတယ်။ ယခု နှစ်အတွက် ကျောင်းအပ်နှံမှု တိုးမြှင့်လာခြင်းအတွက် ပညာရေးဝန်ကြီးဌာနမှ များစွာနှစ်ထောင်းအားရ ရှိပါကြောင်းလည်း တင်ပြအပ်ပါတယ်။ ဒီအတွက် ကျောင်းသား၊ ကျောင်းသူဦးရေနဲ့ လက်ရှိ ကျောင်း ဆောင်လေးဟာ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသလို မျှတမှုမရှိတော့ပါဘူး။ သို့အတွက် လောလောဆယ် (၄၀x၃၀)ပေ ဓနိမိုး၊ ထရံကာ(၁)ဆောင် ဆောက်လုပ်ဖြည့်စွက် ဆောင်ရွက်ပေး ထားပါကြောင်း တင်ပြပါတယ်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ခွဲဝေချထားမှုမှာတော့ ဒီ ဒေသတွင်း ဦးစားပေး အစီအစဉ် မှာတော့ ဒီကျောင်းဟာ ဦးစားပေးအဆင့်ထဲ မပါတဲ့အတွက် ဘဏ္ဍာငွေ လျာထားမှု မရှိပါကြောင်း တင်ပြအပ်ပါတယ်။ သို့သော် လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြချက်အရလည်းကောင်း ဒီ ပညာရေးမှူး တွေရဲ့ အဆောက်အအုံ လိုအပ်ကြောင်း တင်ပြချက်အရလည်းကောင်း၊ ဒီကျောင်းအတွက် (၉၀ x ၃၀) ပေ တစ်ထပ်ဆောင်ကို အဆောက်အအုံ ပုံစံဆောက်လုပ်မှု (Type- C) အနေနဲ့ ဒါ ကျွန်တော်တို့ ပြင်ထိန်းရန်ပုံငွေကနေ ယခုနှစ် ၂၀၁၇-၂၀၁၈ အတွင်းမှာပင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

နောက် ဒုတိယမေးခွန်းကို ကျွန်တော်ဆက်လက် ဖြေကြားတင်ပြပါမယ်။ လေးစားအပ်ပါ သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ရခိုင်ပြည်နယ်အမှတ်(၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကြီးဖြစ်သော ဦးဝေစိန်အောင် ရဲ့ မေးခွန်းဖြစ်တဲ့ ရခိုင်ပြည်နယ်၊ နည်းပညာတက္ကသိုလ် (စစ်တွေ)၏ ပင်မသုံးထပ်ဆောင် အဆောက်အအုံမှာ အကြိမ်ကြိမ် ပြုပြင်ခဲ့သော်လည်း ယခုအထိတိုင် အသုံးပြု၍

မရနိုင်အောင် ပျက်စီးပြီး အန္တရာယ်ရှိနေပါသဖြင့် ပင်မသုံးထပ်ဆောင် အဆောက်အအုံအသစ်တစ်ခုကို ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ဖြည့်စွက်ရန်ပုံငွေမှ အလျင်အမြန် ခွင့်ပြုပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ နည်းပညာတက္ကသိုလ်(စစ်တွေ)မှာရှိတဲ့ ပင်မသုံးထပ်ဆောင်ကို ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်မှာ ယခင်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနရဲ့ အစီအစဉ်ဖြင့် ဝန်ကြီးဌာနရဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ဝန်ကြီးဌာနကပဲ စတင်တည်ဆောက်ခဲ့ပါတယ်။ ဒီ ဆောက်လုပ်စဉ်ကတည်းက ချို့ယွင်းချက်များစွာ ရှိခဲ့ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာန အနေနဲ့ အဆိုပါ ပင်မသုံးထပ်ဆောင်ကို ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့အတိုင်းပဲ ပထမအကြိမ် ပြင်ဆင်မှုအဖြစ် ဘဏ္ဍာရေးရန်ပုံငွေ ငွေကျပ်(၇၃၆)သန်းဖြင့် (၁)ကြိမ်၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မှာ ဒေသကြီးကြပ်မှုနှင့် ထပ်တိုးလုပ်ငန်းဖြင့် ကျပ်သန်းပေါင်း (၁၇၄) သန်းဖြင့်(၁)ကြိမ်၊ ၂၀၁၂-၂၀၁၃ မှာပဲ ငွေကျပ်သန်း(၅၀၀)ဖြင့် (၁)ကြိမ်၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာလည်း ငွေကျပ်(၂၈၆)သန်းဖြင့် (၁)ကြိမ်၊ နောက် ပြီးခဲ့တဲ့ ဘဏ္ဍာရေးနှစ်မှာပဲ ငွေကျပ်(၆၆)သန်းနှင့် ထပ်မံပြီး အကြိမ်ကြိမ် ပြုပြင်ဆောင်ရွက်ခဲ့ရပါကြောင်း တင်ပြအပ်ပါတယ်။

ဒီကိစ္စကိုလည်း ပညာရေးဝန်ကြီးဌာန အနေဖြင့် အလေးအနက်ထား ဆောင်ရွက်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ ၃၁-၅-၂၀၁၇ ရက်နေ့မှာ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံးမှာ၊ အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၊ ဥက္ကဋ္ဌကြီးနှင့် အဖွဲ့ဝင်များ၊ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနက တာဝန်ရှိသူများ၊ နောက် ဒါ့အပြင် ကိုယ်စားလှယ်တော်ကြီး ကိုယ်တိုင်ကိုလည်း ကျွန်တော်တို့ ဖိတ်ကြားပြီး ဆွေးနွေးတင်ပြခဲ့တာတွေ ရှိပါတယ်။ ဒီ ဆွေးနွေးတင်ပြချက်များအရ ဒီ သုံးထပ်ဆောင်သည် အကြိမ်ကြိမ်ပြုပြင်ခဲ့သော်လည်း ဒါ ကောင်းမွန်လာဖို့ အလားအလာမရှိကြောင်းနှင့် အသစ်ဆောက်လုပ်ဖို့လိုကြောင်း ဒါ ကော်မတီ အနေနဲ့ ဆွေးနွေးအတည်ပြုချက် ရရှိပြီး ဖြစ်ပါတယ်။ အဓိကအကြောင်းကတော့ ဒီ နယ်စပ်ရေးရာဝန်ကြီးဌာနက တည်ဆောက်စဉ်မှာ ဒေသသုံး ဆောက်လုပ်ရေးပစ္စည်းတွေရဲ့ အရည်အသွေးကို မစိစစ်တာ အဓိကဖြစ်ပါတယ်။ ဒီ သူသုံးတဲ့ သဲများသည် ဆားဓာတ်အများကြီးပါတဲ့ သဲတွေ ဖြစ်သွားပါတယ်။ နောက်တစ်ခါ ဒီ အသုံးပြုတဲ့ ကျောက်၊ အသုံးပြုတဲ့ အုတ်အားလုံးသည် ဆားဓာတ်ပါဝင်နှုန်း သိပ်မြင့်မားတဲ့အတွက် ကိုယ်စားလှယ်တော်ကြီး ခုနတင်ပြသလိုပဲ ဒီ Beam တွေထဲက RC သံချောင်းတွေဟာ အကုန်လုံး ပြတ်ထွက်ပြီး ဒီ ခိုင်ခန့်မှုဟာ တစ်နေ့တခြား လျော့နည်းလာတာကို တွေ့ရှိရပါတယ်။

အဲဒီတော့ ကျွန်တော်တို့အနေနဲ့ ဒါ အကောင်းဆုံး ဆောင်ရွက်မယ်ဆိုလျှင် ဒီသုံးထပ်ဆောင် ပြင်ဆင်မှုကို ဆက်လုပ်ဖို့ အစီအစဉ် မရှိတော့ပါဘူး။ နောက်တစ်ခါ ကိုယ်စားလှယ်တော်ကြီး လိုလားတဲ့အတိုင်းပဲ ဒီ အသစ်ဆောက်လုပ်ရန်အတွက် လိုအပ်တဲ့ ရန်ပုံငွေကို လာမယ့် ၂၀၁၈-၂၀၁၉ မှာ လျာထားဆောင်ရွက်ပြီးဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော တူးမြောင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၄း၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တူးမြောင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည် ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းနီနီအေး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် နန်းနီနီအေး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ကိုယ်စား တူးမြောင်းဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြား အစီရင်ခံမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**တူးမြောင်းဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ်၊ ၁ /အမ(ကော်မတီ-၁)၁ /၂၀၁၇-၃၂၉
ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဇူလိုင် လ ၆ ရက်

၁။ တူးမြောင်းဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ၁၉-၆-၂၀၁၇ ရက်နေ့မှာ အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပါတယ်။ ဤဥပဒေကြမ်းနှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင် က ၂၉-၆-၂၀၁၇ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေး မှာ အကြံပြုဆွေးနွေးခဲ့ပါတယ်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ အကြံပြုဆွေးနွေး ခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ် များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်မှ ပညာရှင်များနှင့် ၄-၇-၂၀၁၇ ရက်နေ့မှာ တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ကြပါတယ်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် တူးမြောင်းဥပဒေကြမ်းကို လေ့လာ စိစစ်ရာမှာ အဓိပ္ပာယ်ပိုမိုပြည့်စုံမှုရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၂၊ အပိုဒ်ခွဲ(ဂ) တွင် ဖော်ပြထားသော စကားရပ်များအစား ကျေးရွာဆည်မြောင်း ဆိုသည်မှာ ခရိုင်အုပ်ချုပ်ရေးမှူးက မြို့နယ်အုပ်ချုပ်ရေးမှူး၏ စိစစ်တင်ပြချက်အရ ကျေးရွာဆည်မြောင်းအဖြစ် ကြေညာထားသည့် ဆည်မြောင်း၊ ရေမြောင်း သို့မဟုတ် ရေလှောင်တမံနှင့် ကန်ကို ဆိုသည် ဆိုသည့်

စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၊ အပိုဒ်ခွဲ(စ) တွင် ဖော်ပြထားသော စကားရပ်များအစား ကျေးရွာရေနုတ်မြောင်း ဆိုသည်မှာ ခရိုင်အုပ်ချုပ်ရေးမှူးက မြို့နယ်အုပ်ချုပ်ရေးမှူး၏ စိစစ်တင်ပြချက်အရ ကျေးရွာရေနုတ်မြောင်းအဖြစ် ကြေညာထားသည့် ရေနုတ်မြောင်းကို ဆိုသည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးပြင်ဆင်သင့်ကြောင်း ညှိနှိုင်းသဘောတူညီခဲ့ကြပါတယ်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် တူးမြောင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် ဆွေးနွေးညှိနှိုင်းခဲ့ပြီးဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်မှ အတည်ပြုနိုင်ပါရန် အစီရင်ခံ တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကိုကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော တူးမြောင်းဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၄း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တူးမြောင်းဥပဒေကြမ်းကို လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြု ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်ရှိသောအပိုဒ်များကို တစ်ပိုဒ်ချင်းစီအလိုက် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၀၈။**

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးဆုံး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များဖြစ်တဲ့ အပိုဒ် ၂၊ အပိုဒ်ခွဲ(ဂ)နှင့် (စ)တို့ကို တင်ပြပါမယ်။

၂။ (ဂ) ကျေးရွာဆည်မြောင်း ဆိုသည်မှာ ခရိုင်အုပ်ချုပ်ရေးမှူးက မြို့နယ်အုပ်ချုပ်ရေးမှူး၏စိစစ်တင်ပြချက်အရ ကျေးရွာဆည်မြောင်းအဖြစ် ကြေညာထားသည့် ဆည်မြောင်း၊ ရေမြောင်း သို့မဟုတ် ရေလှောင်တမံနှင့် ကန်ကို ဆိုသည်။

(စ) ကျေးရွာရေနုတ်မြောင်း ဆိုသည်မှာ ခရိုင်အုပ်ချုပ်ရေးမှူးက မြို့နယ်အုပ်ချုပ်ရေးမှူး၏ စိစစ်တင်ပြချက်အရ ကျေးရွာရေနုတ်မြောင်းအဖြစ် ကြေညာထားသည့် ရေနုတ်မြောင်းကို ဆိုသည်။

ဒီ ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂ (ဂ)(စ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂ (ဂ)(စ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များဖြစ်တဲ့ အပိုဒ် ၅ ရဲ့ခြေဆင်း၊ အပိုဒ် ၅(က)(ခ)၊ အပိုဒ် ၆၊ အပိုဒ် ၇၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၂)ကို တင်ပြပါမယ်။

၅။ ဝန်ကြီးဌာနသည် -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆည်မြောင်းအရာရှိ သို့မဟုတ် ယင်းက တာဝန်ပေးအပ်ခြင်းခံရသော ဦးစီးဌာနအရာရှိကို ပုဒ်မ ၄ အရ အမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍ သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ညှိနှိုင်းပြီး ဆည်မြောင်းနယ်နိမိတ် သတ်မှတ်ခြင်းလုပ်ငန်းနှင့် လိုအပ်သည့် ကြိုတင်စူးစမ်း လေ့လာတိုင်းတာခြင်းလုပ်ငန်းများကို တာဝန်ပေးအပ် ဆောင်ရွက်စေရမည်။

(ခ) ဆည်မြောင်း တည်ဆောက်ရေးလုပ်ငန်းအတွက် လိုအပ်သည့် မြေသိမ်းဆည်းခြင်းလုပ်ငန်းကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

၆။ ခရိုင်အုပ်ချုပ်ရေးမှူးသည် ဆည်မြောင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ယင်းလုပ်ငန်းများနှင့်ဆက်စပ်သော မြေများ၊ အဆောက်အဦများ၊ သီးနှံများ၊ စားပင်သီးပင်များ ပျက်စီးဆုံးရှုံးမှုအတွက် လျော်ကြေး တောင်းခံနိုင်ကြောင်း သက်ဆိုင်ရာဒေသရှိ ပြည်သူများ ကြိုတင်သိရှိရန် လုံလောက်သောအချိန်ပေး၍ ကြေညာရမည်။

၇။ (က) (၂) စုံစမ်းစစ်ဆေး တွေ့ရှိချက်အရ လျော်ကြေးပေးရန်ရှိပါက လျော်ကြေးငွေကို တည်ဆဲဥပဒေများနှင့်အညီ သတ်မှတ် ဆုံးဖြတ်ရမည်။

ဒီ ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၅ ခေါင်းစဉ်၊ အပိုဒ် ၅(က)(ခ)၊ အပိုဒ် ၆၊ အပိုဒ် ၇(က)(၂) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည် ဖြစ်တဲ့အတွက် အပိုဒ် ၅ ခေါင်းစဉ်၊ အပိုဒ် ၅(က)(ခ)၊ အပိုဒ် ၆၊ အပိုဒ် ၇(က)(၂)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ညွှာစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များဖြစ်တဲ့ အပိုဒ် ၂၇၊ ၃၂ တို့ကို တင်ပြပါမယ်။

၂၇။ ပုဒ်မ ၂၆ ပါ အကြောင်းတစ်ရပ်ရပ်ကြောင့်သော်လည်းကောင်း၊ အခြားအကြောင်း တစ်စုံတစ်ရာကြောင့်သော်လည်းကောင်း၊ ရေပေးဝေမှု ရပ်ဆိုင်းခြင်းခံရသည့်အတွက် ဆုံးရှုံးမှုအပေါ် ဝန်ကြီးဌာန၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီတို့က ပေးလျော်ရန် တာဝန်မရှိစေရ။ သို့ရာတွင် ရေသုံးစွဲသူသည် ဆည်မြောင်းရေ အသုံးပြုခြင်းအတွက် ကောက်ခံသော ရေဖိုးငွေများ ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုရန် တောင်းဆိုနိုင်သည်။

၃၂။ ဝန်ကြီးဌာနသည် မြစ်၊ ချောင်း၊ အင်းအိုင် သို့မဟုတ် ရေမြောင်း တစ်ခုခုတွင် ရေစီးရေလာ တားဆီးပိတ်ဆို့နေခြင်းကြောင့် အများပြည်သူအကျိုးကို ထိခိုက်နစ်နာနိုင်သည်ဟု ယူဆလျှင် ဤဥပဒေအလို့ငှာ ယင်း၏ မည်သည့်အစိတ်အပိုင်းသည် ရေနုတ်မြောင်းဖြစ်ကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်၍ တားဆီးပိတ်ဆို့နေခြင်းအား ဖယ်ရှားနိုင်ရေးအတွက် လိုအပ်ချက်နှင့်အညီ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

ဒီ ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၇၊ အပိုဒ် ၃၂ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၇၊ အပိုဒ် ၃၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆက်လက်ပြီးတော့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက် အတည်ပြုသင့်တဲ့ အပိုဒ်၊ အပိုဒ်ခွဲများကို တင်ပြပါ့မယ်။ ဥပဒေကြမ်းရဲ့ ခေါင်းစဉ်

အခန်း(၁)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၊ အပိုဒ် ၂ ခြေဆင်း၊ အပိုဒ် ၂(က)(ခ) (ဃ)(င) (ဆ)မှ (ထ)အထိ၊

အခန်း(၂)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃ ခြေဆင်း၊ အပိုဒ် ၃ (က)မှ (စ) အထိ၊

အခန်း(၃)၊အခန်းခေါင်းစဉ်၊ အပိုဒ် ၄၊ အပိုဒ် ၇(က)ခြေဆင်း၊ အပိုဒ် ၇၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၁)(၃)၊ အပိုဒ်ခွဲ (ခ)(ဂ)(ဃ)၊ အပိုဒ် ၈၊ အပိုဒ် ၉၊ အပိုဒ် ၁၀၊

အခန်း(၄)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၁ ခြေဆင်း၊ အပိုဒ် ၁၁ (က)မှ(ဍ)အထိ၊ အပိုဒ် ၁၂၊

အခန်း(၅)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄၊ အပိုဒ် ၁၅ ခြေဆင်း၊ အပိုဒ် ၁၅ (က)(ခ)(ဂ)၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉ ခြေဆင်း၊ အပိုဒ် ၁၉ (က) (ခ)(ဂ)၊ အပိုဒ် ၂၀၊ အပိုဒ် ၂၁ ခြေဆင်း၊ အပိုဒ် ၂၁ (က)(ခ)၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅၊

အခန်း(၆)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၆ ခြေဆင်း၊ အပိုဒ် ၂၆ (က)(ခ)(ဂ)၊

အခန်း(၇)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၈၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀၊

အခန်း(၈)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃၁ ခြေဆင်း၊ အပိုဒ် ၃၁ (က)(ခ)(ဂ)၊

အခန်း(၉)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃၃ (က) ခြေဆင်း၊ အပိုဒ် ၃၃၊

အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၁)(၂)(၃)၊ အပိုဒ်ခွဲ (ခ)၊ အပိုဒ် ၃၄၊

အခန်း(၁၀)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃၅ ခြေဆင်း၊ အပိုဒ် ၃၅ (က)မှ(ဠ)အထိ ၊

အခန်း(၁၁)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃၆ ခြေဆင်း၊ အပိုဒ် ၃၆ (က)(ခ)၊ အပိုဒ် ၃၇(က)မှ(ဃ) အထိ၊ အပိုဒ် ၃၈ (က)(ခ)(ဂ)၊

အခန်း(၁၂)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃၉၊ အပိုဒ် ၄၀၊ အပိုဒ် ၄၁၊ အပိုဒ် ၄၂၊ အပိုဒ် ၄၃၊ အပိုဒ် ၄၄၊ အပိုဒ် ၄၅၊ အပိုဒ် ၄၆၊ အပိုဒ် ၄၇၊ အပိုဒ် ၄၈၊ အပိုဒ် ၄၉၊

အခန်း(၁၃)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၅၀၊ အပိုဒ် ၅၁၊

အခန်း(၁၄)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၅၂၊ အပိုဒ် ၅၃၊ အပိုဒ် ၅၄၊ အပိုဒ် ၅၅၊ အပိုဒ် ၅၆ ခြေဆင်း၊ အပိုဒ် ၅၆ (က)(ခ)နှင့်

အဆိုပြုပြင်ဆင်မှုချက်များဖြစ်တဲ့-

အပိုဒ် ၁၅၊ အပိုဒ် ၁၆၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀၊ အပိုဒ် ၂၈ ခြေဆင်း၊ အပိုဒ် ၂၈ (က)(ခ)(ဂ)၊ အပိုဒ် ၃၂၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅၊ အပိုဒ် ၄၀ (က)(ခ)၊ အပိုဒ် ၄၆၊ အပိုဒ် ၄၈၊ အပိုဒ် ၅၃၊ အပိုဒ် ၅၈၊ အပိုဒ် ၆၀

ပယ်ဖျက်ချက်များကို ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြု ဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇)အား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၄း၁၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇)အား တစ်ပိုဒ်ချင်းစီ အလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အဆုံးအဖြတ် ရယူလိုသည့် ဥပဒေကြမ်းပါ အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီအလိုက် ဖတ်ကြား တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၁၆။**

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးဆုံး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင် ဖြည့်စွက်ချက်များဖြစ်တဲ့ အပိုဒ် ၂၊ အပိုဒ် ၃ တွင် ဖော်ပြထားသည့် ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ဇ)၊ (န)၊ (ပ)၊ (ဖ)၊ (ဗ) တို့ကို တင်ပြပါမယ်။

၂။ ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေပုဒ်မ ၅ ပါ နိုင်ငံတော်၏ အရအသုံးစာရင်းများ ဆိုသည့် စကားရပ်၏နောက်တွင်နှင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများ ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၃။ ၁၁။ (ဓ) မြန်မာနိုင်ငံစာရင်းကောင်စီနှင့် မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်းတို့အား ကြီးကြပ်ခြင်း၊ လိုအပ်သောလမ်းညွှန်မှုများပေးခြင်းနှင့် လိုအပ်သည်များကို ပံ့ပိုးဆောင်ရွက်ပေးခြင်း၊

(န) (၁) ဥပဒေအရ စစ်ဆေးခံရမည့် အဖွဲ့အစည်းများ၊ ရုံးများ၊ လုပ်ငန်းခွင်များ၊ စက်ရုံများစသည်တို့၏ ဥပစာများ၊ အဆောက်အဦများအတွင်းသို့ ဝင်ရောက်စစ်ဆေးခြင်း၊

(၂) ဥပဒေအရ စစ်ဆေးခံရမည့် အဖွဲ့အစည်းများ၊ ရုံးများ၊ လုပ်ငန်းခွင်များ၊ စက်ရုံများတွင်ရှိသော စီမံကိန်းများ၊ စီမံချက်များ၊ လုပ်ကိုင်ပုံနည်းစနစ်များ၊ စာချုပ်စာတမ်းများ၊ လူစာရင်းများ၊ ငွေစာရင်းများ၊ ပစ္စည်းစာရင်းများ၊ အစီရင်ခံစာများ၊ စာရင်းစာအုပ်များ၊ ပြေစာများနှင့်အခြားအထောက်အထား စာရွက်စာတမ်းများကို တောင်းခံစစ်ဆေးခြင်း၊

(၃) ပုဒ်မခွဲငယ်(၂)တွင် ဖော်ပြထားသော စာရွက်စာတမ်းများကို မူရင်းအတိုင်း ဖြစ်စေ၊ မိတ္တူကူး၍ဖြစ်စေ၊ အီလက်ထရောနစ်နည်းစနစ်ဖြင့်ဖြစ်စေ သက်ဆိုင်ရာအဖွဲ့အစည်းက ပေးပို့ရန်တောင်းခံခြင်း၊

(၄) စစ်ဆေးချက်များနှင့် ပတ်သက်၍ တွေ့ရှိသည့် သက်သေခံပစ္စည်းများ၊ စာရွက်စာတမ်းများ၊ အသံဖိုင်များ၊ အီလက်ထရောနစ်ဆိုင်ရာ မှတ်တမ်းများကို သက်သေခံအဖြစ်ထိန်းသိမ်းခြင်း၊

(၅) စစ်ဆေးရေးအတွက် သက်ဆိုင်ရာပုဂ္ဂိုလ်များကို ခေါ်ယူမေးမြန်းခြင်း၊ ထွက်ဆိုချက်များရယူခြင်း၊

(၆) စစ်ဆေးရေးအတွက် လိုအပ်ပါက ကျွမ်းကျင်သူဝန်ထမ်းများ၏ အကူအညီကို လုပ်ငန်းအလိုက် ဖြစ်စေ၊ ကာလအပိုင်းအခြားအားဖြင့် ဖြစ်စေ၊ သက်ဆိုင်ရာ အဖွဲ့အစည်း၏ သဘောတူခွင့်ပြုချက်ဖြင့် ရယူခြင်း။

(ပ) အောက်ပါကိစ္စရပ်များဖြစ်သည့် -

(၁) အစိုးရဌာနများ၏အခြားဘဏ္ဍာငွေ အရအသုံးဆိုင်ရာစာရင်းများကို လိုအပ်ပါက စစ်ဆေးခြင်း၊

(၂) နိုင်ငံပိုင် ရေ၊ မြေ၊ လေ သယံဇာတကို အသုံးပြု၍ အကျိုးခံစားခွင့်ပေးသည့် စာချုပ်ပုံစံအမျိုးမျိုး၊ နည်းစနစ်အမျိုးမျိုးဖြင့် အစိုးရနှင့်

ဆောင်ရွက်သည့် ဖက်စပ်လုပ်ငန်းများ၏ လုပ်ငန်းနှင့် စာရင်းများကို လိုအပ်ပါက စစ်ဆေးခြင်း၊

(ဖ) ပြည်တွင်းကဖြစ်စေ၊ ပြည်ပကဖြစ်စေ ချေးယူငွေများ၊ ပြည်တွင်းသို့ဖြစ်စေ၊ ပြည်ပသို့ဖြစ်စေ ထုတ်ချေးငွေများ၊ အတိုးပေးငွေ၊ အတိုးရငွေများနှင့် ပတ်သက်၍ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်မှု ရှိ၊ မရှိ စစ်ဆေးခြင်း၊

(ဗ) ရရန်ရှိငွေနှင့် ပစ္စည်းများ၊ ပေးရန်ရှိငွေနှင့် ပစ္စည်းများ ပြည့်စုံမှန်ကန်တိကျစွာ ဖော်ပြခြင်း ရှိ၊ မရှိနှင့် သတ်မှတ်ချက်များနှင့်အညီ စာရင်းရှင်းလင်း ဆောင်ရွက်မှု ရှိ၊ မရှိ စစ်ဆေးခြင်း၊

ဒီ ပြင်ဆင် ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆိုပြုပြင်ဆင်ထားသည့် ဥပဒေကြမ်း၏ အပိုဒ် ၂၊ အပိုဒ် ၃ တွင် ဖော်ပြထားသည့် ပုဒ်မ ၁၁၊ ပုဒ်မခွဲ(ဇ)(န)(ပ)(ဖ)(ဗ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အဆိုပြုပြင်ဆင်ထားသည့် ဥပဒေကြမ်း၏ အပိုဒ် ၂၊ အပိုဒ် ၃ တွင် ဖော်ပြထားသည့် ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ဇ)(န)(ပ)(ဖ)(ဗ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ဖြစ်တဲ့ အပိုဒ် ၄၊ အပိုဒ် ၆ တို့ကို တင်ပြပါ့မယ်။ ဖော်ပြထားသည့် ပုဒ်မ ၂၅၊ ပုဒ်မခွဲ (ဆ)(ဇ)

၄။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

၁၃။ ပြည်ထောင်စုစာရင်းစစ်ချုပ်သည် ပုဒ်မ ၁၁ နှင့် ၁၂ တို့အရ မိမိအား အပ်နှင်းထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဒုတိယစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်၊ စာရင်းစစ်ရုံး အဆင့်ဆင့်ရှိ စာရင်းစစ်အရာရှိများနှင့်

မိမိကတာဝန်ပေးသော အဖွဲ့ငယ်များ၊ ဝန်ထမ်းများ၊ ပုဂ္ဂိုလ်များအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၆။　　၂၅။　(ဆ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများကို စစ်ဆေးရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က တာဝန်ပေးအပ်လာလျှင် စစ်ဆေး၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ အစီရင်ခံ တင်ပြခြင်း၊

(ဇ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိ အစိုးရဌာနများ၏ အခြားဘဏ္ဍာငွေ အရအသုံးဆိုင်ရာ စာရင်းများကို လိုအပ်ပါက စစ်ဆေးခြင်း၊

ဒီ ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ**။　　။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄၊ အပိုဒ် ၆ တွင် ဖော်ပြထားသည့် ပုဒ်မ ၂၅ ၊ ပုဒ်မခွဲ (ဆ)(ဇ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄၊ အပိုဒ် ၆ တွင် ဖော်ပြထားသည့် ပုဒ်မ ၂၅၊ ပုဒ်မခွဲ (ဆ)(ဇ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။　　။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပြု ပြဋ္ဌာန်းချက်ရဲ့ အပိုဒ် ၄ ကိုတော့ မလိုအပ်တဲ့အတွက်ကြောင့်မို့လို့ လွှတ်တော်က ပယ်ဖျက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။　　။ ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။

**ဒေါက်တာမြတ်ညာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆက်လက်ပြီးတော့ အဆိုပြုပြဋ္ဌာန်းချက်အတိုင်း အမျိုးသားလွှတ်တော်ကြီးက အတည်ပြု သင့်တဲ့ အပိုဒ်၊ အပိုဒ်ခွဲများကို တင်ပြပါ့မယ်။

ဥပဒေကြမ်းခေါင်းစဉ်၊ အပိုဒ် ၁၊ အပိုဒ် ၃ တွင် ဖော်ပြထားသည့် ပုဒ်မ ၁၁ ပုဒ်မခွဲ (က) မှ (ဆ)အထိ၊ ပုဒ်မခွဲ(ဈ) မှ (ဓ) အထိ၊ အပိုဒ် ၅၊ အပိုဒ် ၆ တွင် ဖော်ပြထားသည့် ပုဒ်မ ၂၅၊ ပုဒ်မခွဲ (ဈ) (ည) (ဋ)၊ အပိုဒ် ၇၊ အပိုဒ် ၈ နှင့် အပိုဒ် ၉ တို့ကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း အမျိုးသားလွှတ်တော်မှ ဆက်လက်အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည် ဖြစ်သည်။

**ဥက္ကဋ္ဌ**။ ။ ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၉ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ (သြဘာသံများ)

ဒီအဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၉ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ယခုအဆိုမှာ ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီအဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်က ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇)အား အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၄း၂၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ(ခ)အရ ပြည်ထောင်စု စာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၁၇)အား အမျိုးသားလွှတ်တော်က အတည် ပြုပေးဖို့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်က အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၂၅။**

**ဦးမော်သန်း (ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုစာရင်း စစ်ချုပ် ဦးမော်သန်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်သို့ ကျွန်တော် တင်သွင်းခဲ့သော ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇)ကို အမျိုးသားလွှတ်တော်က အတည်ပြုပေးပါရန် အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၂၆။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၄း၂၆။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်က ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇)အား အတည်ပြုရန် အဆိုတင်သွင်းခြင်းအား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးမောင်မောင်လတ် က ထောက်ခံပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း (၂၀၁၇)အား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၄း၂၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အဆိုမှာ ပြည်ထောင်စု စာရင်းစစ်ချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇)အား ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီအဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇)သည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) (အတွင်းရေးမှူး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)၏ မြန်မာနိုင်ငံ၏ ငါးနှင့်ရေလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ငါးနှင့်ရေသယံဇာတများ ထိန်းသိမ်းကာကွယ်ရေး၊ ပြည်တွင်းစားသုံးမှု ဖူလုံပြီး နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိရေး၊ ကျေးလက်စီးပွားဖွံ့ဖြိုးပြီး ဆင်းရဲမှုလျှော့ချရေး၊ ငါးလုပ်ငန်းဆိုင်ရာသုတေသနများ၊ ပညာပေးလုပ်ငန်းများနှင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြီးပြည့်စုံသောငါးလုပ်ငန်းဆိုင်ရာ တက္ကသိုလ်ကြီး တစ်ခု (Fishery University) ဖွင့်လှစ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/ မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၄း၂၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့် (အတွင်းရေးမှူး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)က မြန်မာနိုင်ငံ၏ ငါးနှင့်ရေလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ငါးနှင့် ရေသယံဇာတများ ထိန်းသိမ်းကာကွယ်ရေး၊ ပြည်တွင်းစားသုံးမှုဖူလုံပြီး နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိရေး၊ ကျေးလက်စီးပွားဖွံ့ဖြိုးပြီး ဆင်းရဲမှုလျှော့ချရေး၊ ငါးလုပ်ငန်းဆိုင်ရာ သုတေသနများ၊ ပညာပေးလုပ်ငန်းများနှင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြီးပြည့်စုံသော ငါးလုပ်ငန်းဆိုင်ရာ တက္ကသိုလ်ကြီး တစ်ခု (**Fishery University**) ဖွင့်လှစ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတစ်ရပ်တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။ ယခု ဒေါက်တာ ဝင်းမြင့် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၂၈။**

**ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး ဒေါက်တာဝင်းမြင့် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ ငါးနှင့် ရေလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ငါးနှင့်ရေသယံဇာတများ ထိန်းသိမ်းကာကွယ်ရေး၊ ပြည်တွင်းစားသုံးမှု ဖူလုံပြီး နိုင်ငံခြားဝင်ငွေ ပိုမိုရရှိရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိရေး၊ ကျေးလက်ဒေသ စီးပွားဖွံ့ဖြိုးတိုးတက်ပြီးတော့ ဆင်းရဲမှုလျော့ချရေး၊ ငါးနှင့်ရေလုပ်ငန်းဆိုင်ရာ သုတေသနများ၊ ပညာပေးလုပ်ငန်းများ၊ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြီးပြည့်စုံတဲ့ ငါးလုပ်ငန်းဆိုင်ရာ တက္ကသိုလ်ကြီး (Fishery University) တစ်ခု ဖွင့်လှစ်တည်ထောင်ဖို့ နိုင်ငံတော်အစိုးရအား ကျွန်တော် တိုက်တွန်းကြောင်းအဆိုကို ကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကော်မတီရဲ့ကိုယ်စား တင်ပြသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာ ကျွန်တော်တို့ ကော်မတီရဲ့ (၁)နှစ်ခွဲတာကာလအတွင်း ကွင်းဆင်းဆောင်ရွက်ချက်တွေနဲ့ လေ့လာတွေ့ရှိချက်တွေအပေါ်မှာ မူတည်ပြီးတော့ တင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ငါးဆိုတာက ကျွန်တော်တို့ သိနေတာ ရေယက်နှစ်ခုနဲ့ ယက်ပြီးတော့ ပါးဟက်နဲ့ အသက်ရှူကာ ရေထဲမှာ အကြေးခွံနှင့် ကျွန်တော်တို့ ဒီအရေခွံတွေရှိတဲ့ ရေထဲမှာနေတဲ့ သတ္တဝါလို့ပဲ ကျွန်တော်တို့ သိထားကြပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ တည်ဆဲ ငါးလုပ်ငန်းဆိုင်ရာ ဥပဒေရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်အရဆိုရင် ငါးဆိုတာက ဘဝတစ်လျှောက်လုံးဖြစ်စေ၊ ဘဝတစ်စိတ်တစ်ပိုင်းမှာဖြစ်စေ၊ ရေထဲမှာနေပြီးတော့ သူတို့ရဲ့ မျိုးဥတွေ၊ ငါးသားလောင်းတွေ၊ ငါးမျိုးပေါက်တွေကို ချပေးခြင်း၊ ရေအောက်မှာရှိတဲ့ အပင်တွေနဲ့ အဲဒီအပင်တွေရဲ့ မျိုးစေ့တွေ ပါဝင်တဲ့အတွက်ကြောင့် ငါးဆိုလို့ရှိရင် ခရု၊ ကဏန်း၊ ဖား၊ လိပ်၊ ပုစွန်၊ ကျွန်တော်တို့ မိကျောင်း စတာတွေနဲ့ ရေထဲမှာရှိတဲ့ သွေးနွေးသတ္တဝါတွေ၊ နို့တိုက်သတ္တဝါတွေ အကုန်ပါဝင်သလို ကျွန်တော်တို့ သန္တာ၊ ရေမျှောတွေ မျှောလှေးတွေ၊ ရေညှိ၊ ရေမှော်တွေ အကုန်လုံး ပါဝင်ပါတယ်။

နောက်တစ်ခါ ငါးလုပ်ငန်းဆိုင်ရာဆိုတာ ငါးလုပ်ငန်းဆိုတာက ကျွန်တော်တို့ ငါးနဲ့ပတ်သက် ပြီးတော့ စနစ်တကျ စီမံခန့်ခွဲပြီးတော့ မိသားစုတစ်ပိုင်တစ်နိုင်ဖြစ်စေ၊ စီးပွားဖြစ် ဖြစ်စေ၊ ကျွန်တော်တို့ လုပ်ကိုင်ပြီးတော့ ဒီငါးနဲ့ ဂေဟစနစ်တွေ ထိန်းသိမ်းကာကွယ်ခြင်း၊ ငါးနဲ့ပတ်သက်လို့ ဖွံ့ဖြိုးတိုးတက် ရေးအတွက် လုပ်ကိုင်ခြင်းတွေ ပါဝင်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ သုတေသနပြုခြင်း၊ ငါးမွေးမြူခြင်း၊ ငါးဖမ်းဆီးခြင်း၊ မွေးမြူတဲ့ငါးကို ဖမ်းဆီးခြင်း၊ ငါးမျိုးတွေ စိုက်ထည့်ခြင်း၊ ငါးသားဖောက်ခြင်း၊ ငါးနှင့်ဆိုင်တဲ့ သုတေသနလုပ်ငန်းတွေ၊ စူးစမ်းတဲ့လုပ်ငန်းတွေ၊ နောက်တစ်ခါ အလှမွေးငါးတွေ၊ နောက်တစ်ခါ ငါးတွေကို ထိန်းသိမ်းတာ၊ သိုလှောင်တာ၊ Value Added ပစ္စည်းတွေထုတ်လုပ်တာ၊ နောက်တစ်ခါ ငါးတွေကို ကျွန်တော်တို့မျိုးစေ့တွေ စိုက်ထုတ်တာ၊ ပညာပေးလုပ်ငန်းတွေ၊ အဲဒါ ငါးနှင့် ဆက်စပ်တဲ့ လုပ်ငန်းအားလုံးကို ငါးလုပ်ငန်းဆိုင်ရာ လုပ်ငန်းတွေလို့ ကျွန်တော်တို့ ခေါ်တွင်ပါတယ်။ ကျွန်တော်တို့ တက္ကသိုလ် ဆိုတာကတော့ ပါဠိစကား တက္ကသီလာက ဆင်းသက်လာပြီးတော့ အဆင့်မြင့် ပညာများ ဆည်းပူးသင်ကြားရာ ကျောင်းတော်ကြီးလို့ အဓိပ္ပာယ်ရပါတယ်။ ဒါကြောင့်မို့လို့ ငါးလုပ်ငန်း ဆိုင်ရာ တက္ကသိုလ်ဆိုတာ ငါးနှင့်ပတ်သက်ပြီး ပညာရပ်တွေကို ကျယ်ကျယ်ပြန့်ပြန့် သင်ကြားပေးတဲ့ ကျောင်းတော်ကြီးလို့ ဆိုရမှာဖြစ်ပါတယ်။

ဒီနေရာမှာ မွေးမြူရေးဆေးတက္ကသိုလ်ရှိတယ်။ အဏ္ဏဝါသိပ္ပံရှိတယ်။ နောက်တစ်ခါ ဝိဇ္ဇာ သိပ္ပံတက္ကသိုလ်တွေမှာလည်း သတ္တဗေဒဌာနအောက်မှာ ကျွန်တော်တို့ မစ္ဆဗေဒဆိုတဲ့ ငါးအထူးပြု ဘာသာရပ်တွေ ရှိနေတာပဲ၊ ငါးလုပ်ငန်းတက္ကသိုလ်ကြီးက ဖွင့်လှစ်ပေးဖို့ လိုအပ်ပါသေးသလားလို့ မေးလို့ရှိရင် တကယ်လိုအပ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ မွေးမြူရေးနှင့် ဆေးပညာ ဆိုင်ရာတက္ကသိုလ် ဆိုတာက ကုန်းတွင်းပိုင်းမှာရှိတဲ့ သတ္တဝါတွေကိုပဲ မွေးမြူကုသပြီးတော့ သွေးနွေး သတ္တဝါတွေပဲ ဖြစ်ပါတယ်။ ငါးဆိုတာကတော့ ရေထဲမှာနေတဲ့ သွေးအေးသတ္တဝါတွေဖြစ်ပြီးတော့ ခန္ဓာကိုယ်ဖွဲ့စည်းတည်ဆောက်ပုံ၊ စံချိန်စံညွှန်း၊ ဓလေ့ထုံးစံ၊ စရိုက်တွေ နောက်ဆုံး ကျွန်တော်တို့

ဒီဥပဒေတွေ၊ နည်းဥပဒေ၊ စည်းကမ်းတွေကအစ ကွာခြားပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ငါးလုပ်ငန်းဆိုင်ရာ တက္ကသိုလ်တစ်ခုဟာ သီးသန့်ဖွင့်ပေးရမှာပါ။

နောက်တစ်ခါ အဏ္ဏဝါသိပ္ပံဆိုတာလည်း ရေအကြောင်းကိုပဲ လေ့လာပြီးတော့ ကျွန်တော်တို့ ပင်လယ်သမုဒ္ဒရာတွေအကြောင်းကို လေ့လာတဲ့ ဘာသာရပ်ဖြစ်တော့ ငါးလုပ်ငန်းဆိုင်ရာနဲ့ တူသယောင်ပဲ ရှိပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်တွေမှာ မစ္ဆဗေဒဌာနဆိုတဲ့ ဘာသာကို သင်ကြားတဲ့အခါမှာလည်း ကျွန်တော်တို့ နောက်ဆုံးနှစ်မှာ သင်ကြားတာကိုလည်း သိရပါတယ်။ အဲဒီမှာ ကျယ်ကျယ်ပြန့်ပြန့် မသင်ကြားပါဘူး။ နောက်တစ်ခါ သူ့ကို သီးသန့် ကျွန်တော်တို့ ငါးလုပ်ငန်း Sector ကြီးဟာ ကြီးမားတဲ့အတွက်ကြောင့် သီးသန့်ခွဲသင်ဖို့ဟာ လိုအပ်ပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ ဟိုးတုန်းက အင်ဂျင်နီယာ၊ စိုက်ပျိုးရေး၊ တိမွေးကု၊ သစ်တောတို့ဆိုတာ ရန်ကုန် ဝိဇ္ဇာသိပ္ပံတက္ကသိုလ် လက်အောက်မှာရှိပြီးတော့ ခွဲထွက်သွားတဲ့အတွက်ကြောင့် ပိုပြီး အကျိုးရှိလာပါတယ်။ ဒါကြောင့်မို့လို့လဲ ကျွန်တော်တို့ ငါးလုပ်ငန်းဆိုင်ရာ တက္ကသိုလ်ကြီးဆိုတာ သီးသန့် ဖွင့်လှစ်ပေးဖို့ လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ တက္ကသိုလ်၊ ကောလိပ်ပေါင်း (၁၇၃)ခုရှိပြီးတော့ စိုက်ပျိုးရေးနဲ့ ပတ်သက်လို့ရှိရင် ၁၉၂၄ ခုနှစ်တွေက မန္တလေးတက္ကသိုလ်အောက်မှာ ရှိပြီးတော့ ကျွန်တော်တို့ အခုအခါမှာ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဆိုပြီးတော့ရှိပါတယ်။ ၂၀၁၂ ခုနှစ်အထိ ဘွဲ့ရပေါင်း(၉၀၀၀)ကျော် မွေးထုတ်ပေးပြီးတော့ စိုက်ပျိုးရေးသိပ္ပံပေါင်းကလည်း တိုင်းဒေသကြီးနှင့်ပြည်နယ် အလိုက် ကျွန်တော်တို့ (၁၄)ခု ရှိပါတယ်။ သစ်တောဆိုလည်း ဒီလိုပါပဲ။ ၁၉၂၃ ခုနှစ်ကနေ ရန်ကုန်တက္ကသိုလ်အောက်ကနေ အခုအခါမှာ ရေဆင်းမှာ သစ်တောပညာတက္ကသိုလ် ရှိပါတယ်။ တိရစ္ဆာန် မွေးမြူရေးနှင့် ဆေးကုသရေးတက္ကသိုလ် ဆိုလို့ရှိရင် ၁၉၅၇ ခုနှစ်က စပေါ်ပေါက်လာပြီး အခုအခါမှာ ရေဆင်းမှာပဲ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်အနေနဲ့ ရှိပါတယ်။

အဲဒီတော့ ကျွန်တော်တို့ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးတွေ တက္ကသိုလ်တွေ ရှိပြီးတော့ ရေလုပ်ငန်းအတွက်က မရှိဘူးဖြစ်နေပါတယ်။ ဘယ်လိုဖြစ်နေလဲဆိုတော့ အငယ်ဆုံးသား နို့မျက်သလို ဖြစ်နေပါတယ်။ အဲဒါကြောင့်မို့လို့ ဒီတာဝန်ကို ကျွန်တော်တို့ လွှတ်တော်ကြီးနဲ့ နိုင်ငံတော်က တက္ကသိုလ်ကြီးဆောက်ပေးဖို့ တာဝန်ရှိလာပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ အားလုံးသိကြတဲ့အတိုင်းပဲ ဧရိယာစတုရန်းမိုင်ပေါင်း (၂၆၁၂၂၈)စတုရန်းမိုင်ပေါင်း ရှိတဲ့အတွက်ကြောင့် အရှေ့တောင်အာရှမှာ အင်ဒိုနီးရှားနိုင်ငံပြီးရင် ကုန်းတွင်းမြေ တစ်ဆက်တည်း ဒုတိယအကြီးဆုံးနိုင်ငံဖြစ်သလို ကမ္ဘာပေါ်မှာလည်း ဇန်ဘီယာနိုင်ငံ ပြီးလို့ရှိရင် (၄၀)မြောက် အကျယ်ဆုံးနိုင်ငံဖြစ်ပါတယ်။ ထူးခြားချက်က အရှေ့တောင်အာရှ အာဆီယံနိုင်ငံတွေထဲမှာ ကျွန်တော်တို့နိုင်ငံက ရေအပူချိန်(၃)မျိုး၊ အအေးပိုင်း၊ အပူပိုင်းနှင့် သမပိုင်းကို တစ်နိုင်ငံတည်းမှာ ထူးထူးခြားခြားတွေ့ရတဲ့နိုင်ငံဖြစ်တဲ့အတွက်ကြောင့် ငါးတွေဟာလည်း အပူချိန်(၃)မျိုးအရ စုံစုံလင်လင် တွေ့ရှိရပါတယ်။ သုတေသနပြုချက်များအရဆိုလို့ရှိရင် ငါးမျိုးစိတ်

ပေါင်း(၁၀၀၀)ခန့်ရှိပါတယ်။ ဒီအထဲမှာမှ ကျွန်တော်တို့ ငါးရဲ့အမိပွာယ်တွေက ကျန်တဲ့သတ္တဝါတွေ မပါသေးပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ မိခင်ဧရာဝတီမြစ်ကြီးဟာ ကီလိုမီတာပေါင်း (၂၁၇၀)၊ ချင်းတွင်းက(၉၆၀)၊ သံလွင်က(၁၂၇၄)၊ ကျွန်တော်တို့ စစ်တောင်းကတော့ (၂၉၄) ကီလိုမီတာ ရှိပြီးတော့ အဲဒီဒေသတွေမှာ မြစ်ချောင်း၊ မြစ်လက်တက်တွေ၊ အင်းအိုင်၊ ချောင်းမြောင်းတွေ အများကြီးရှိပြီးတော့ တစ်နှစ်ကို(၄)လကနေ (၆)လအထိ ရေမြုပ်နေတဲ့ ဟက်တာသန်းပေါင်း ကျွန်တော်တို့ (၄)သန်းကျော် ရှိပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ အင်းတော်ကြီးအိုင်တို့၊ အင်းလေးကန်တို့တွေလည်း ရှိသလို လူတို့တည်ဆောက်ထားတဲ့ ဆည်ကြီးတွေထဲမှာလည်း ငါးသယံဇာတတွေ အများကြီးရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံမှာ မွေးမြူရေးကို မလုပ်နိုင်သေးဘဲ ဖမ်းဆီးဖို့က အဓိကထားပြီးတော့ ကျွန်တော်တို့ လုပ်နေရတဲ့အတွက်ကြောင့် တိုးတက်မှုက နည်းနေပါတယ်။ အခြားနိုင်ငံတွေမှာတော့ မွေးမြူရေးကို အဓိကထား လုပ်ရပါတယ်။ အဲဒီလိုလုပ်တဲ့အတွက်ကြောင့် နည်းပညာများ လိုအပ်ပါတယ်။ အဲဒီ လိုအပ်တဲ့အတွက်ကြောင့် ဒီငါးလုပ်ငန်းဆိုင်ရာ တက္ကသိုလ်ကြီးဟာလည်း အမှန်တကယ်လိုအပ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ခုနက မြစ်၊ ချောင်း၊ အင်းအိုင်တွေ ပေါတဲ့အတွက်ကြောင့် ကျွန်တော်တို့ တစ်နှစ်၊ တစ်နှစ်ကို ပြီးခဲ့တဲ့နှစ်ကဆိုလို့ရှိရင် ဂရန်အင်း၊ တင်ဒါအင်း၊ တိုက်စားအင်းခေါ် ဘုံစားအင်းပေါင်း(၃၇၃၀)ရှိပြီးတော့ ပြီးခဲ့တဲ့နှစ်က (၃၂၉၉)အင်းကို လေလံပစ်လိုက်တဲ့အခါမှာ ကျပ်သန်းပေါင်း(၅၉၉၀)ကျော်မှန်းထားပေမယ့် တကယ်လက်တွေ့မှာတော့ (၈၃၀၀)ကျော် ရရှိခဲ့ပါတယ်။

မွေးမြူရေးအပိုင်းမှာဆိုလို့ရှိရင် ၁၉၇၀ ခုနှစ်လောက်တုန်းက ဒီငါးမွေးမြူရေး၊ ပုစွန်မွေးမြူရေးတွေ လုပ်ကိုင်လာခဲ့တာ အခုအခါမှာ ငါးမွေးမြူရေးကန်ပေါင်း(၂၁၁၈၀)နဲ့ ဧကပေါင်း (၂၄၅၈၀၆)ဧက ရှိပါတယ်။ ပုစွန်ကန်ပေါင်းကတော့ (၁၁၈၆၀)ရှိပြီးတော့ ဧကပေါင်း (၂၄၁၇၁၈) ဧက ရှိပါတယ်။ ကျွန်တော်တို့ ကဏန်းပျော့ကတော့(၂၄)ကန်ပဲရှိပြီးတော့ ဧကပေါင်း (၁၈၅၇)ဧကရှိပါတယ်။ ဒါကြောင့်မို့လို့ တစ်နိုင်ငံလုံးမှာ ငါး၊ ပုစွန်ကန် ဧကပေါင်းက (၄၈၉၃၈၁)ဧကရှိပါတယ်။ အဲဒီထဲက နေပြီးတော့ ကျွန်တော်တို့ ပြည်တွင်းမှာ မွေးမြူရေးနှင့် ကျွန်တော်တို့ ဖမ်းဆီးရန် ထုတ်လုပ်တဲ့ ငါးတန်ချိန်ပေါင်းဟာ ပြီးခဲ့တဲ့နှစ်က (၃၃၆၇၅၀)အထိ ဖမ်းနိုင်ခဲ့ပါတယ်။ အဲဒီလိုပဲ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ပင်လယ်ကမ်းရိုးတန်းကြီးဟာ (၁၇၆၀)မိုင်(သို့) (၂၈၃၂) ကီလိုမီတာ ရှည်လျားပြီးတော့ ပင်လယ်ပြင်ငါးဖမ်းပိုင်နက်ပေါင်းက ကျွန်တော်တို့ (၆၇၇၀၀၀)ကျယ်ဝန်းပါတယ်။ အဲဒီမှာ EEZ ခေါ်တဲ့ Exclusive Economic Zone ကလည်း(၅၃၂၇၇၅)စတုရန်းကီလိုမီတာ ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ကမ္ဘာပေါ်မှာ ငါးနဲ့ရေသယံဇာတ ပိုင်ဆိုင်မှုမှာ ကျွန်တော်တို့ အဆင့်(၁၄)မှာ ရှိပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ပင်လယ်ကမ်းရိုးတန်းဟာလည်း ကမ္ဘာ့အသန့်ရှင်းဆုံး ကမ်းရိုးတန်း(၁၀)ခုထဲမှာ အပါအဝင်ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ ဒီကနေပြီးတော့ ထုတ်လုပ်လိုက်တဲ့ငါးတွေ ကျွန်တော်တို့ ပြည်တွင်းမှာရော၊ ရေချိုမှာရော၊ ရေငန်မှာရော ကျွန်တော်တို့ လုပ်ကိုင်နေတဲ့ အချိန်ပြည့်ရော၊ အချိန်ပိုင်းရော လုပ်နေတဲ့ လုပ်သားပေါင်းဟာ ကျွန်တော်တို့ (၃,၂၀၀,၀၀၀)သိန်းကျော်ရှိပါတယ်။ ကျွန်တော်တို့

စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းမှာလုပ်နေတဲ့ ကျွန်တော်တို့ (၁၅)နှစ် အထက် လူပေါင်းက ဘယ်လောက်ရှိလဲဆိုရင် (၈,၈၂၂,၀၀၃)ယောက်ရှိတဲ့ ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ ရေလုပ်ငန်း Sector ကြီးဟာလည်း အင်မတန်ကြီးသလို နိုင်ငံ့ဝင်ငွေလည်း ရတဲ့အတွက်ကြောင့် ဒီလုပ်ငန်းကြီးဖွံ့ဖြိုးအောင် ကျွန်တော်တို့ ငါးလုပ်ငန်းဆိုင်ရာ တက္ကသိုလ်ကြီးတစ်ခုဟာလည်း လိုအပ်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အခုရှိနေပေမယ့်လည်း ကျွန်တော်တို့နိုင်ငံ ငါးနှင့် ရေသယံဇာတတွေကလည်း ပြုန်းတီးနေပါပြီ။ ၁၉၇၈၊ ၁၉၇၉ က နော်ဝေနိုင်ငံက ကျွန်တော်တို့ Dr.Fridt Jop Nansen Research Vessel သင်္ဘောကြီးနဲ့ ကျွန်တော်တို့ သုတေသနပြုလိုက်တဲ့ အခါမှာ ကျွန်တော် တို့ရဲ့ Maximum Sustainable Yield ဆိုတဲ့ ကျွန်တော်တို့ MSY ဟာ တစ်နှစ်ကို (၁,၀၀၅၀၀၀) နဲ့ ထုတ်လုပ်နိုင်ရာကနေ ၂၀၁၃-၂၀၁၅ မှာ တစ်သိန်းပဲ ထုတ်လုပ်နိုင်တဲ့အတွက်ကြောင့် (၉၀)ရာခိုင်နှုန်း လျော့သွားပါတယ်။ ပြည်တွင်းမှာလည်းပဲ မြစ်ချောင်းတွေ ကောလာခြင်း၊ ပိုက်စိတ်တိုက် ဖမ်းဆီးခြင်း၊ ဆေးများချခြင်း၊ လျှပ်စစ်နဲ့တို့ပြီးဖမ်းခြင်း၊ ရေငန်ပိုင်းမှာလည်းပဲ ကျွန်တော်တို့ ဝါးလတ် ခေါ်တဲ့ ကျွန်တော်တို့ မြစ်ကြမ်းပြင်တွေကို တရွတ်တိုက်ဆွဲခြင်း၊ ဗုံးဖောက်ခွဲခြင်း၊ ဒီရေတောများ ပျက်စီးခြင်း၊ ပိုက်စိတ်တွေနဲ့ဖမ်းခြင်း၊ ကျွန်တော်တို့ ကမ်းဝေးကနေ ကမ်းနီးကို ဝင်ရောက်ဖမ်းဆီးခြင်း၊ ကျွန်တော်တို့ စက်လှေတွေ မတရားခိုးဖမ်းခြင်း၊ အရေအတွက်တွေ များခြင်းတို့ကြောင့် ကျွန်တော်တို့ ငါးသယံဇာတများ ပြုန်းတီးနေပါတယ်။ ဒီရေတောတွေဆိုတာက ငါးတွေရဲ့ပေါက်ဖွားရာဖြစ်သလို ကျွန်တော်တို့ သန္တာကျောက်တန်းတွေကလည်း ငါးတွေရဲ့ နိဗ္ဗာန်ဘုံလေးတွေ ဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်တို့ ထိန်းသိမ်းကာကွယ်ဖို့နည်းပညာတွေ လိုအပ်တဲ့အတွက်ကြောင့် ပြီးပြည့်စုံတဲ့ ငါးလုပ်ငန်း တက္ကသိုလ် ကြီးဟာလည်း လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ သဘာဝရဲ့ မျက်နှာသာပေးမှုကြောင့် ပြီးခဲ့တဲ့နှစ်က ကျွန်တော်တို့ ငါးတန်ချိန်ပေါင်း(၄.၃)သိန်း ထုတ်လုပ်ပြီးတော့ နိုင်ငံခြားဝင်ငွေ အမေရိကန် ဒေါ်လာပေါင်း(၆၀၅.၈၂)သန်း ရရှိခဲ့ပါတယ်။ အဲဒါက တကယ်တမ်းကျတော့ ကျွန်တော်တို့ရဲ့ ထုတ်လုပ်နိုင်မှုရဲ့ ဆယ်ပုံပုံတစ်ပုံပဲ ရှိပါသေးတယ်။ ကျွန်တော်တို့ရဲ့ အိမ်နီးချင်း ထိုင်းနိုင်ငံကတော့ ပြီးခဲ့တဲ့နှစ်က ဒေါ်လာသန်းပေါင်း(၇၅၀၀)နဲ့ ဗီယက်နမ်နိုင်ငံကတော့ ဒေါ်လာသန်း ပေါင်း(၇၁၀၀) ထုတ်လုပ်နိုင်ခဲ့ပါတယ်။ သူတို့နိုင်ငံတွေက ၂၀၂၀ ခုနှစ်မှာ ထိုင်းက ဒေါ်လာသန်း ပေါင်း(၁၂၀၀၀)နဲ့ ဗီယက်နမ်က (၁၁၀၀၀)ထုတ်ဖို့ လျာထားထားပါတယ်။ ကျွန်တော်တို့ကလည်း ခုနကလို နည်းပညာတွေနဲ့ ထုတ်မယ်ဆိုလို့ရှိရင် ဒေါ်လာသန်း(၁၀၀ဝ)လောက်ရအောင် ကြိုးစား နိုင်မယ်ဆိုရင် ပြီးခဲ့တဲ့လကတည်းက စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုဝန်ကြီးပြောသွားတဲ့ ကျွန်တော်တို့ ကြွေး ဒေါ်လာသန်းပေါင်း (၉၁၄၈.၈) သန်း ဆိုတာက ကျွန်တော်တို့အတွက် မှုစရာမလို ပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီရေလုပ်ငန်း Sector ကြီးဟာ ကျွန်တော်တို့အတွက် တကယ် အကျိုးရှိတဲ့အတွက်ကြောင့် နိုင်ငံတော်ကနေပြီးတော့ ပြီးပြည့်စုံတဲ့ တက္ကသိုလ်ကြီးဖွင့်လှစ်ပေးဖို့ ဆန္ဒရှိဖို့ရန်ပဲ လိုအပ်ပါတယ်။ အဲဒီ ဆန္ဒကလည်း ကျွန်တော်တို့ ဒီပါရမီမြောက်တဲ့ ဆန္ဒ၊ အားကြီးတဲ့ ဆန္ဒ၊ လူထုခေါင်းဆောင်ပြောတဲ့ အဓိပတိမြောက်တဲ့ ဆန္ဒမျိုး ရှိဖို့အရေးကြီးပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ အဲဒီလိုပြည့်စုံနေပေမယ့် ကိုယ့်လောက် မပြည့်စုံတဲ့ နိုင်ငံတွေက ကိုယ့်ထက် ဘာဖြစ်လို့ ဒီလောက်တောင် ထုတ်လုပ်နိုင်တာလဲဆိုလို့ မေးစရာရှိပါတယ်။ အဲဒါကတော့ ဘာဖြစ်လို့လဲဆိုတော့ အဲဒီနိုင်ငံတွေမှာ နိုင်ငံတော် စီမံခန့်ခွဲတဲ့ လူတွေက နံပါတ်(၁)အချက်အနေနဲ့ သူတို့က နိုင်ငံ့ငါးကဏ္ဍရဲ့ အရေးပါမှုကို သိရှိပြီး အလွန်တန်ဖိုးထားလို့၊ နံပါတ်(၂)က လိုအပ်တဲ့အကူအညီတွေကို ဥပဒေကအစ လိုအပ်တဲ့ အကူအညီတွေကို ပေးအပ်တယ်၊ နံပါတ်(၃)ကတော့ သုတေသနနဲ့ ပညာပေးလုပ်ငန်းတွေကို တွင်တွင်ကျယ်ကျယ် လုပ်ပါတယ်။ နံပါတ်(၄)ကတော့ ကျွန်တော်တို့ ဒီငါးလုပ်ငန်းနဲ့ပတ်သက်တဲ့ ငါးပညာရှင်တွေ၊ ငါးလုပ်ငန်းရှင်တွေ၊ ငါးနဲ့စီးပွားရေးလုပ်ငန်းလုပ်တဲ့သူတွေအတွက် တက္ကသိုလ်တွေ၊ ကောလိပ်တွေ၊ သိပ္ပံတွေကို ဖွင့်လှစ်ပေးပြီးတော့ ခွန်စိုက်၊ အားစိုက် ကျွန်တော်တို့ ပြုလုပ်ပေးနေတဲ့အတွက်ကြောင့် သူတို့တွေက အဲဒီလို ကျွန်တော်တို့လောက် မပြည့်စုံဘဲ တိုးတက်နေတာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကမ္ဘာပေါ်မှာ FAO ရဲ့စာရင်းအရဆိုလို့ရှိရင် လူတွေအတွက် အသားထုတ်လုပ်မှုမှာ အမဲသား၊ ကြက်သား၊ ဝက်သား၊ ငါးနှင့် နွားနို့တွေကနေ ထုတ်လုပ်တဲ့အခါမှာ ၂၀၁၀ ခုနှစ်၊ စာရင်းအရဆိုလို့ရှိရင် မက်ထရစ်တန်ချိန် သန်းပေါင်း ကျွန်တော်တို့ အမဲသားကနေပြီးတော့ (၆၆.၇)၊ ဝက်သားကနေပြီးတော့(၁၀၉.၃)၊ ကြက်သားက (၉၈.၉)နဲ့ ကျွန်တော်တို့ ငါးကတော့ (၅၉.၉)ပဲ ထုတ်လုပ်နိုင်ပါတယ်။ နွားနို့ကတော့ (၇၂၂.၉)တန် သန်းပေါင်း မက်ထရစ်တန်သန်းပေါင်း ထုတ်လုပ်နိုင်ပါတယ်။ ၂၀၁၂ ကနေ ၂၀၁၃ အတွင်းမှာ အဲဒီထုတ်လုပ်မှုကို ကျွန်တော်တို့ ရာခိုင်နှုန်းနဲ့ တွက်လိုက်တဲ့အခါမှာ အမဲသားက(၁.၉)ရာခိုင်နှုန်း၊ ကြက်က(၁.၈) ရာခိုင်နှုန်း၊ ဝက်ကတော့ (၁.၅)ရာခိုင်နှုန်းနှင့် ကျွန်တော်တို့ ငါးကတော့ (၅.၆)နဲ့ ကျွန်တော်တို့ နို့ကတော့ (၂.၂) ရာခိုင်နှုန်းပဲ တိုးတက်လာပါတယ်။ အဲဒီထဲမှာ ငါးရဲ့ ရာခိုင်နှုန်းဟာ ပို တိုးတက်လာပါတယ်။

အခု FAO ကနေပြီးတော့ ၂၀၅၀ ခုနှစ်မှာ ကျွန်တော်တို့ ရည်မှန်းထားတာက အမဲသားက ခုနကပြောခဲ့တဲ့ (၆၆.၇)က နေပြီးတော့ (၁၁၁.၂)တန်ချိန် မီလီယံသန်းပေါင်း၊ ကြက်ကတော့ ခုနက (၁၀၆.၄)၊ ဝက်ကတော့ (၃၂၉.၉)၊ ငါးကတော့ အများဆုံး(၁၇၆၇.၅)နှင့် နွားနို့ကတော့ (၁၃၂၅.၉) မက်ထရစ်တန်ချိန် သန်းပေါင်းထုတ်လုပ်မှာပါ။ ဒါကြောင့်မို့လို့ အဲဒီထဲမှာ အများဆုံးက ကျွန်တော်တို့ ငါးကထုတ်လုပ်မှုဟာ (၅၉.၉)ကနေပြီးတော့ (၁၇၆၇.၅)ဆိုတော့ ကျွန်တော်တို့ အဆပေါင်း (၃၀)လောက် တက်သွားပါတယ်။ ဒါကြောင့်မို့လို့ အားလုံးထဲမှာ ကျွန်တော်တို့ လူတွေအတွက် အသားထုတ်လုပ်မှု၊ Productivity ထုတ်လုပ်မှုအတွက် ငါးကဏ္ဍက အရေးကြီးသလို ကျွန်တော်တို့ နိုင်ငံအတွက်လည်း ပိုမို ထုတ်လုပ်နိုင်အောင် နည်းပညာတွေ လိုအပ်တဲ့အတွက်ကြောင့် ငါးလုပ်ငန်းဆိုင်ရာ တက္ကသိုလ်ကြီး တစ်ခုက လိုအပ်နေပါပြီ။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ရဲ့နိုင်ငံက ရေခံ၊ မြေခံတွေလည်း ကောင်းနေတယ်။ တဖက်မှာလည်း ကျွန်တော်တို့ နိုင်ငံတော်အတိုင်ပင်ခံရဲ့ ဆောင်ရွက်ချက်ကြောင့် Sanction တွေလည်း စီးပွားရေးပိတ်ဆို့မှုလည်းလျှော့သွားပြီ။ GSP ခေါ်တဲ့ ကုန်သွယ်ရေး အထူးအခွင့်အရေးပေးမှုတွေလည်း ရသွားပြီ။ ကျွန်တော်တို့မှာ ဈေးကွက်ကြီးက အကျယ်ကြီးရှိတယ်။ ကျွန်တော်တို့က မတင်ပို့နိုင်လို့ပဲ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်က အမေရိကကို ငါးတွေ တင်ပို့တဲ့အခါမှာ

Salmonella ပိုးတွေတွေ့တဲ့အတွက်ကြောင့် ပြန်ပို့ခံရတာတွေရှိပါတယ်။ ဒါတွေဟာ နည်းပညာကြောင့်ပဲ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ နည်းပညာတက္ကသိုလ်ကြီးက အင်မတန် အရေးကြီးပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ တက္ကသိုလ်မှာရှိတဲ့ ဆရာကြီးတွေ မအိုခင်၊ မသေခင် ကျွန်တော်တို့ရဲ့ ပါမောက္ခကြီးတွေ၊ ပညာရှင်ကြီးတွေရဲ့ အကြံဉာဏ်တွေယူပြီးတော့ နိုင်ငံတော်ကနေပြီးတော့ ကူညီဆောင်ရွက်ပေးမယ်ဆိုလို့ရှိရင် တစ်ကြိမ်တည်းနဲ့ ပြီးပြည့်စုံတဲ့ တက္ကသိုလ်ကြီးမဖြစ်တောင်မှ အားလုံး ဝိုင်းဝန်းကြိုးပမ်းပေးလို့ရှိရင် ကျွန်တော်တို့ အချိန်တိုကာလအတွင်းမှာ ကျွန်တော်တို့ ပြီးပြည့်စုံတဲ့ငါးလုပ်ငန်းဆိုင်ရာ တက္ကသိုလ်ကြီးက ဖြစ်ပေါ်လာနိုင်မှာပါ။ ခုနကပြောသလိုပဲ အဓိက ကတော့ ဆန္ဒရှိ ဖို့ပါပဲ။ အဓိကကတော့ ကျွန်တော်တို့ လုပ်ငန်းကို စတင်ဆောင်ရွက်နိုင်ဖို့ပါပဲ။ ကျွန်တော်တို့က Zero ပဲဆိုရင်တော့ ဘယ်လိုမှ အကူအညီလဲရမှာ မဟုတ်ပါဘူး။ အနည်းဆုံး(၀.၀၁)ရာခိုင်နှုန်းလောက် စနိုင်မယ်ဆိုရင်ပဲ ကျွန်တော်တို့မှာ အကူအညီတွေရရှိပြီးတော့ အောင်မြင်မှာဖြစ်ပါတယ်။ နောက်ဆုံး အနေနဲ့ ကျွန်တော်တို့ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်က တိုင်းပြည်မှာ ရေပေါ်ရေအောက်၊ မြေပေါ် မြေအောက် သယံဇာတတွေ ပြုန်းတီးနေတာနဲ့ပတ်သက်ပြီးတော့ ဒါတွေကို မမှုဘူး။ မကြောက်ဘူး။ ဘာနဲ့လုပ်မလဲဆိုတော့ ကျွန်တော်တို့ လူသားအရင်းအမြစ်တွေ၊ အဓိပတိတရား(၄)ပါး လက်ကိုင် ထားပြီး လုပ်မယ်ဆိုပြီးတော့ သံမဏိစိတ်ဓာတ်နဲ့ ပြောကြားခဲ့တာကို ကျွန်တော်တို့ အမှတ်ရနေရမှာပါ။

နောက်တစ်ခါ ကျွန်တော်တို့ရဲ့ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာ စာမျက်နှာ (၁၅၆)၊ အခန်း(၈)၊ ပုဒ်မ ၃၉၀၊ ပုဒ်မခွဲ(ဂ)မှာ ကျွန်တော်တို့ နိုင်ငံသားတိုင်းသည် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ကို ကူညီရန်တာဝန်ရှိသည် ဆိုပြီးတော့ ရေးထားပါတယ်။ အဲဒီလိုပဲ စာမျက်နှာ(၁၅၃)၊ ပုဒ်မ ၃၇၁ မှာ နိုင်ငံတော်သည် အမျိုးသားစီးပွား ဖွံ့ဖြိုးတိုးတက်ရေး အတွက် နည်းပညာ၊ အရင်းအနှီး၊ စက်မှုပစ္စည်း၊ ကုန်ကြမ်းများ ရရှိရန် ကူညီမည်ဟု ကျွန်တော်တို့ ရေးသားထားတဲ့အတွက်ကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြလိုသည်မှာကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ငါးနှင့်ရေလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ငါးနှင့်ရေသယံဇာတများ ထိန်းသိမ်းကာကွယ်ရေး၊ ပြည်တွင်းစားသုံးမှုဖူလုံပြီး နိုင်ငံခြားဝင်ငွေ ပိုမိုတိုးတက်ရရှိရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမို၍ရရှိရေး၊ ကျွန်တော်တို့ ကျေးလက်စီးပွားဖွံ့ဖြိုးတိုးတက်ပြီး ဆင်းရဲမှုလျှော့ချနိုင်ရေး၊ နိုင်ငံတော်ရဲ့ ငါးလုပ်ငန်းဆိုင်ရာ သုတေသနနှင့်ပညာပေးလုပ်ငန်းများ၊ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တကယ်ဖြစ်ချင် တကယ်လုပ်၊ အဟုတ်ဖြစ်ရမည် ဆိုတဲ့ စိတ်ဓာတ်နဲ့ လုပ်ဆောင်ပေးဖို့ ကျွန်တော်တို့ အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးကော်မတီရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် တိုက်တွန်းကြောင်း အဆိုကို တင်ပြရင်း တင်သွင်း အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၄၆။**

**ဥက္ကဋ္ဌ။**　　။ အဆိုကို ထောက်ခံမယ့် သူရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၄း၄၆။**

**ဦးခင်မျိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မျိုးဝင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ ငါးနှင့်ရေလုပ်ငန်းကဏ္ဍ၊ ပြည်တွင်း ငါးလုပ်ငန်းမှာ ကျပ်သန်းပေါင်းများစွာရရှိသလို နိုင်ငံခြားတင်ပို့မှုမှာလည်း နှစ်စဉ် အမေရိကန် ဒေါ်လာသန်း(၆၀၀)ခန့်ရရှိပါတယ်။ ပြည်ပတင်ပို့ရန် ဈေးကွက်ကြီးများရှိနေပြီး မိမိတို့နိုင်ငံမှာလည်း ရေရှည်ထုတ်လုပ်ရန် လိုအပ်ပါတယ်။ ယခုအခါ ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံမှာလည်း ငါးနှင့် ရေသယံဇာတများ ပြုန်းတီးနေသောကြောင့် ကာကွယ်ထိန်းသိမ်းရန် နည်းပညာများ လိုအပ်နေပါတယ်။ အဆိုရှင်တင်သွင်းသော ငါးလုပ်ငန်းဆိုင်ရာ ကဏ္ဍများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံတစ်နိုင်ငံ၏ စီးပွားဖွံ့ဖြိုးတိုးတက်ရန် နည်းပညာများ ပြည့်ဝရန် လိုအပ်ပါတယ်။

သို့ပါ၍ နည်းပညာများရရှိအောင် ပြီးပြည့်စုံတဲ့ ငါးလုပ်ငန်းဆိုင်ရာ တက္ကသိုလ်ကြီး ဖွင့်လှစ်ပေးပါရန် လိုအပ်ပါသောကြောင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေး ကော်မတီ အတွင်းရေးမှူး ဒေါက်တာဝင်းမြင့်၏ အဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၄၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာဝင်းမြင့် တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ မြန်မာနိုင်ငံ၏ ငါးနှင့်ရေလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ငါးနှင့်ရေသယံဇာတများ ထိန်းသိမ်းကာကွယ်ရေး၊ ပြည်တွင်း စားသုံးမှုဖူလုံပြီး နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိရေး၊ ကျေးလက်စီးပွားဖွံ့ဖြိုးပြီး ဆင်းရဲမှုလျှော့ချရေး၊ ငါးလုပ်ငန်းဆိုင်ရာ သုတေသနများ၊ ပညာပေးလုပ်ငန်းများနှင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုး တိုးတက်ရေးတို့အတွက် ပြီးပြည့်စုံသော ငါးလုပ်ငန်းဆိုင်ရာ တက္ကသိုလ်ကြီးတစ်ခု (Fishery University) ဖွင့်လှစ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဒေါက်တာဝင်းမြင့် ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် (၂၈)ရက်မြောက်နေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၄း၅၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို ၁၄း၅၀ နာရီအချိန်တွင် ရပ်နားပါသည်။]